# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပေါင်းလဆန်း (၈)ရက် ၊ အင်္ဂါနေ့ ၊ (24-2-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၀၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗထူးတပ်မြို့ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များ၊ သင်တန်းကျောင်းများကို လိုက်လံကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် ဗထူးတပ်မြို့ရှိ နယ်မြေခံတပ်ရင်း၊တပ်ဖွဲ့များ၊သင်တန်းကျောင်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိရစ္ဆာန်မွေးမြူရေးနှင့်လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ခင်းကျင်းပြသထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ပြည်သူ့လွှတ်တော် ထုတ်ပြန်**

စာမျက်နှာ - ၁၈

**တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသတင်းပို့ကြရန် အမျိုးသားလွှတ်တော် ထုတ်ပြန်**

စာမျက်နှာ - ၁၈




ရတနာပုံ
၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်
အယ်ဒီတာ့အာဘော်

# တက္ကသိုလ်ဝင်စာမေးပွဲကြီးဖြေဆိုရန် ကြိုတင်ပြင်ဆင်

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၂၆ ခုနှစ် မတ် ၁၁ ရက်မှ ၁၇ ရက်ထိကျင်းပမည်ဖြစ်ရာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်လျှောက်ထားကြသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှစ၍ မိမိတို့ဖြေဆိုရမည့်စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ ကျောင်းအုပ်ကြီးများထံတွင် ထုတ်ယူနိုင်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

တက္ကသိုလ်ဝင် ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်းအရ ၂၀၂၆ ခုနှစ် မတ် ၁၁ ရက်တွင် မြန်မာစာ၊ မတ် ၁၂ ရက်တွင် အင်္ဂလိပ်စာ၊ မတ် ၁၃ ရက်တွင် သင်္ချာ၊ မတ် ၁၄ ရက်တွင် ဓာတုဗေဒ၊ ပထဝီဝင်၊ မတ် ၁၆ ရက်တွင် ရူပဗေဒ၊ သမိုင်း၊ မတ် ၁၇ ရက်တွင် ဇီဝဗေဒ၊ ဘောဂဗေဒ စသောဘာသာရပ်အသီးသီးကို ဖြေဆိုကြရမည်ဖြစ်ကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသား၊ ကျောင်းသူများအတွက် အရေးကြီးသော အရည်အချင်းစစ် စာမေးပွဲဖြစ်သကဲ့သို့ နောက်ထပ်အဆင့်မြင့်ပညာရေးဖြစ်သည့် တက္ကသိုလ်ပညာတက်လှမ်းသင်ယူရန်အတွက် အရေးပါသောစာမေးပွဲတစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် အားထည့်ကြိုးစားကာ ဖြေဆိုသင့်သောစာမေးပွဲဟု ဆိုရပေမည်။ ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲကို အမှတ်ကောင်းကောင်းဖြင့် ထူးထူးချွန်ချွန်အောင်မြင်ရေးအတွက် ကြိုးစားဖြေဆိုကြရမည်ဖြစ်၍ အချိန်ကာလအားဖြင့် နှစ်ပတ်သာ ကျန်ရှိတော့သည်။ ထိုအချိန်ကာလအတွင်း ပညာသင်နှစ်တစ်နှစ်ပတ်လုံးသင်ယူကျက်မှတ်ထားသော သင်ခန်းစာများကို ပြန်လှန်လေ့ကျင့်ခြင်းများပြုလုပ်၍ သေသေချာချာ အားစိုက်လေ့လာ ကျက်မှတ်ကြရမည့်အချိန်ဖြစ်သည်။ ထို့ပြင် ကျက်မှတ်ထားသောသင်ခန်းစာများကို ထူးချွန်အောင်မြင်စွာဖြေဆိုနိုင်ရန်အတွက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျန်းမာရေးကိုလည်း အထူးဂရုစိုက်ကြရပေမည်။

တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသား၊ ကျောင်းသူများ၏ အရည်အချင်းကို စစ်ဆေးသော စာမေးပွဲဖြစ်သည်သာမက နိုင်ငံအတွက်လည်း ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွက်လာစေသောစာမေးပွဲလည်းဖြစ်သည်။ လက်ရှိအချိန်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းစဖွင့်ချိန်ကတည်းက မိမိတို့လေ့လာသင်ယူ၊ ကျက်မှတ်ခဲ့သောသင်ခန်းစာများကို ပြန်လည်လေ့ကျင့်နေကြရမည်ဖြစ်သည်။ သို့မှသာ တက္ကသိုလ်ဝင်စာမေးပွဲကို နှစ်ချင်းပေါက် အောင်မြင်မည်ဖြစ်ပေသည်။ ထိုသို့ နှစ်ချင်းပေါက်စာမေးပွဲအောင်မြင်မှုရရှိမည်ဆိုပါက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တစ်နှစ်တာပင်ပန်းရကျိုးနပ်စေမည်ဖြစ်ပြီး မိဘများအတွက်လည်း ငွေကုန်ရကျိုး၊ စိတ်ပန်းရကျိုးနပ်စေမည်ဖြစ်သည့်အပြင် ဆရာ၊ ဆရာမများအားစိုက်သင်ကြားခဲ့သည့် ပင်ပန်းခဲ့မှုများအတွက်လည်း ပြေပျောက်ဂုဏ်ယူဖွယ်ရာဖြစ်စေမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယနေ့မှစ၍ "အချိန်ရှိခိုက် လုံ့လစိုက်"ဟူသည့်အတိုင်း အချိန်ကိုအကျိုးရှိစွာ အသုံးချချိန်ရောက်နေပြီဖြစ်ကြောင်းကို သတိပြုကြိုးစားကြမှသာ မိမိဘဝအတွက်သာမက နိုင်ငံအတွက်အဖိုးတန်သော ပညာပြည့်ဝနှလုံးလှသော လူ့စွမ်းအားအရင်းအမြစ် သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်လာမည်ဖြစ်ပါသောကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကို နှစ်ချင်းပေါက်ထူးချွန်အောင်မြင်အောင်ကြိုးစားကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ဝက်လက် ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၅၉၈၈ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၄ ဒသမ ၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ကုလားပဲ ၅၅၉၈၈ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကုလားပဲခင်းတွေ အခုလက်ရှိ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈)၊ ရေဆင်း (၁၁) မျိုးတို့ကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ကေ စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးနိုင်သည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်ကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ညောင်ဦးမြို့နယ် တောင်ဘကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ညောင်ဦး ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ဘကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) လုပ်ငန်းများဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ညောင်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက တောင်ဘကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း ရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ဖြင့် မွေးမြူရေး လုပ်ငန်း ဆောင်ရွက်နေသည့် အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းများ အောင်မြင်စေရေးအတွက် တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တောင်ဘကျေးရွာ၌ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့လေးဖွဲ့ကို ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကွမ်းသီးစိမ်း အလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကွမ်းသီးစိမ်း အလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကွမ်းသီးစိမ်း အလုံးရေ ၈၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီလအတွင်း ကွမ်းသီးစိမ်း အလုံးရေ ၁၈၅၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးစိမ်း အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြည်ပဈေးကွက်က အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးစိမ်း အလုံးရေအများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့နေရတဲ့ ကွမ်းသီးစိမ်းတွေက အရည်အသွေးကောင်းပြီး သန့်ရှင်းဖို့လိုပါတယ်။ လက်ရှိ ကွမ်းသီးစိမ်း အလုံးရေ ၁၀၀ ကို ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးစိမ်းတွေ အများအပြားတင်ပို့ရောင်းချမှုကောင်းလာတော့ ကွမ်းသီးစိုက်ပျိုးသူတွေ လုပ်ငန်းအဆင်ပြေနေတာ တွေ့ရပါတယ်"ဟု ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးစိမ်းများကို ကုန်သည်များက ကွမ်းသီးခြံများအရောက် သွားရောက်ဝယ်ယူပြီး စနစ်တကျ ရွေးချယ်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရမည်းသင်းမြို့နယ် လွှဲဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရမည်းသင်း ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လွှဲဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှု၊ စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး ဦးစီးအရာရှိနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၇၂၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လွှဲဦးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၉ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၂ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၇၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နီလာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၆၆လမ်း၊ ၃၇x၃၈ လမ်းကြားနေ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးလပြည့်ဟိန်း-ဒေါ်နှင်းအေးတို့က တစ်နေ့တာဆွမ်းအလှူငွေကျပ် ၅၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲကြီးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ချောင်းဦး ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲကြီးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၂၁၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲကြီးစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၆ ဒသမ ၈၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲကြီး ၁၂၁၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲကြီးစိုက်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲကြီး အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်အတွင်းသာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့်ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲကြီးကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

**(၂၀၆)**

# ဝမ်းတွင်းမြို့နယ် မြစ်သူငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်သူငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မြစ်သူငယ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၉ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၃ ဒသမ ၂ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း အောင်နိုင်တိုးစပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း အောင်နိုင်တိုး စပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဆွေက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း အောင်နိုင်တိုးစပါးတင်းရေ ၆၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီလအတွင်း အောင်နိုင်တိုးစပါး တင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ စပါးအမျိုးအစားတင်းရေ ၁၀၀လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း အောင်နိုင်တိုးစပါးတင်းရေ တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ အောင်နိုင်တိုးစပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်တယ်။ ဆန်ကြမ်းဆိုပေမဲ့လဲ လူအများစုကြိုက်နှစ်သက်ပြီး စားလို့ကောင်းတဲ့ စပါးဖြစ်ပါတယ်။ အောင်နိုင်တိုးစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဆွေက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း အောင်နိုင်တိုးစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဆွေက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဖိုးသူတော်ဦးမင်းနှင့် လူဦးမင်းတို့၏ ဒွေးချိုးကဗျာများ

**ပြေအေးသက်**

ဖိုးသူတော်ဦးမင်းနှင့် လူဦးမင်းတို့အကြောင်းကို ကျောင်းနေစဉ်အရွယ်ကပင် ၎င်းတို့၏ စာကဗျာတို့အရ ရင်းနှီးခဲ့ရပေသည်။ ဘကြီးတော်မင်းတရားလက်ထက်အခါက အင်းဝနေပြည်တော်တွင် ဖိုးသူတော်ဦးမင်းနှင့် လူဦးမင်းဟူ၍ စာဆိုတော်နှစ်ဦးရှိလေရာ ဤဦးမင်းတို့သည် ကဗျာအရေးအသားဝါသနာပါကြပြီး ဘကြီးတော်မင်းတရားနှင့် မိဖုရားခေါင်ကြီးတို့ရှေ့တော်သို့ဝင်ကာ လေးချိုး၊ ဒွေးချိုး၊ တေးထပ် စသောကဗျာတို့ကိုဖွဲ့ဆို၍ အပျော်တော်ဆက်ကြရသည်။ တစ်ဦးက စတင်ဖွဲ့ဆိုသောကဗျာကို နောက်တစ်ဦးက အဆင်ပြေအောင် ဖွဲ့ဆိုအဆုံးသတ်ရပေသည်။

**ဖိုးသူတော်ဦးမင်း**

ဖိုးသူတော်ဦးမင်းသည် မိတ္ထီလာကန်အောက် ပင်းတလဲမြို့အနီး ရေဝေရွာ၌ ၁၁၆၀ ပြည့်နှစ်တွင် ဖွားမြင်ခဲ့ပြီး ငယ်နာမည်မှာ မောင်မင်းဖြစ်သည်။ ဖိုးသူတော်အဖြစ်နှင့်နေသောအခါ ဖိုးသူတော်ဦးမင်းဟု ထင်ရှားလေသည်။ ဘွဲ့အမည်မှာ ရှင်ဣန္ဒောဘာသဖြစ်သည်။ ဖိုးသူတော်ဦးမင်းသည် စာမှန်းကြီးရွာကို ချီးမြှောက်ခံရသည်။ အမရပူရမြို့ ပုဂံမင်း၊ မင်းတုန်းမင်းတို့၏ဘကြီးတော် ရတနာပူရစတုတ္ထမင်းတရားကြီး(စစ်ကိုင်းမင်း)လက်ထက်တွင် စာဆိုတော်အဖြစ်ဖြင့် ဝင်ထွက်ခစားရသည်။ စာဆိုတော်လူဦးမင်းနှင့် အချီအချ ဆိုရ၊ ရေးကြရသည်။ ကုန်းဘောင်ရွှေဘိုမင်းတရားကြီးလက်ထက်ထိ ဖိုးသူတော်ဦးမင်းသည် တေးထပ်၊ ခွန်းထောက်၊ သဖြန်၊ လေးချိုးကြီး၊ ရတု၊ ဒုံးချင်းများကို ရေးသားဖွဲ့ဆိုသီကုံးရလေ့ရှိသည်။ ဖိုးသူတော်ဦးမင်းပြုစုခဲ့သောစာပေများကား ဆယ့်နှစ်ရာသီဘွဲ့လေးဆစ်သဖြန်များ၊ ရာသီဘွဲ့လေးချိုးကြီးများ၊ ဆယ့်နှစ်ရာသီလွမ်းချင်းများ၊ လူဦးမင်းနှင့် အပြန်အလှန် ဖွဲ့ဆိုထားသော ဒွေးချိုး၊ လေးချိုးများ ဖြစ်ကြသည်။

**လူဦးမင်း**

လူဦးမင်းသည် ၁၁၆၂ ခုနှစ် တပေါင်းလဆန်း ၅ ရက် အင်္ဂါနေ့တွင် ဖွားမြင်သည်။ ဇာတိမှာ ရွှေဘိုမြို့ မြောက်လက်အရပ် ရေးအခေါ် ငါးရာနဲ၊ ယခုအခေါ် ငရနဲဇာတိဖြစ်သည်။ ငယ်မည်မှာ မောင်စံရွှင်ဖြစ်ပြီး ဇနီးဖြစ်သူမှာ ငရနဲမြို့သူ မခက်ဖြစ်သည်။ ဘကြီးတော်မင်းလက်ထက်တွင် ဖိုးသူတော်ဦးမင်းနှင့်တွဲဖက်ကာ မင်းမိဖုရားနှစ်ပါးရှေ့တော်တွင် စာဆိုလေ့ရှိသောကြောင့် လူဦးမင်းတွင်စေဟု မိဖုရားကြီးက အမိန့်တော်ရှိသဖြင့် လူဦးမင်းဟု အမည်သစ်ဖြင့်ထင်ရှားလာသည်။ ၁၁၉၉ ခုနှစ် ကုန်းဘောင်မင်းတရားလက်ထက်တွင် နေမျိုးသီရိကျော်ထင်ဟူသောဘွဲ့အမည်ဖြင့် ကွမ်းဖိုးထိန်းအဖြစ် တာဝန်ထမ်းဆောင်ရသည်။ ပုဂံမင်းတရားလက်ထက် ယောက်ဖဖြစ်သူ မင်းသားမောင်ကျောက်လုံးက လျှောက်ထားမှုကြောင့် ထိုမင်းသားနှင့် အတူနေရသည်။ နောင်တောင်ငူ၊ ရွှေကျင်သို့ စစ်ချီရာလိုက်ပါရပြီးနောက် မင်းတုန်းမင်းတရားကြီးလက်ထက် အိမ်ရှေ့မင်း တပ်မင်းတော်တွင် ခစားရသည့်အခါ နေမျိုးသင်္ခယာဘွဲ့အမည်ဖြင့် နာခံတော်ရာထူးကို သနားတော်မူ၍ ရိက္ခာတော်လစာများဖြင့် ချီးမြှောက်ခံရသည်။

**ဦးမင်းသုံးယောက်**

ဖိုးသူတော်ဦးမင်းနှင့်လူဦးမင်းအကြောင်း ကွဲပြားစေရန်သတိထား၍ ရေးနေစဉ်ပင် နောက်ထပ်ဦးမင်းတစ်ဦးရှိကြောင်းကို ဦးထွန်းရီ (ရှေးဟောင်းသုတေသီ)က ရေးသည့် စာပေရိပ်မြုံ စာဆိုကြေးမုံ၊ သုတေသနမျိုးစုံကျမ်းတွင်ဖော်ပြပါရှိ၍ သိရှိရသည်။ ပထမဦးမင်းသည် ၁၁၃၆ ခုနှစ်တွင် ရွှေတောင်မြို့ စီရင်စု နမရန်ရွာ၌ မွေးဖွားကြောင်းသိရှိရသည်။ အဆိုပါရွာတွင်ပင် သာမဏေပြုပြီး တေးကဗျာများကို ဝါသနာထုံသဖြင့် လေ့လာရေးသားလိုက်စားခဲ့သည်။ လူထွက်ပြီးနောက် ဘိုးတော်ဘုရားထံတွင် အမှုထမ်းရာ သားတော်ပုသိမ်မင်းထံတွင် စာဆိုအရာခန့်ခဲ့သည်။ ၁၁၇၅ ခုနှစ် အသက် ၃၉ နှစ်အရွယ်တွင် ပုသိမ်မြို့ ဟိုင်းကြီးဆားခွန်ကို စားရသည်။ ဘကြီးတော်မင်းလက်ထက်တွင် စာဆိုအရာ၊ အိမ်၊ ဆုတော်လာဘ်တော်များပေးသနားခံရပြီး စာဆိုမောင်တလုပ်၊ မောင်အိ၊ မောင်ဘုန်းတို့နှင့် လေးချိုး၊ ရာသီဘွဲ့၊ မယ်ဘွဲ့၊ မောင်ဘွဲ့များ လစဉ်ရေးသား၍ ဆက်သရလေသည်။ သားတော်ပုဂံမင်းလက်ထက် ၁၂၀၉ ခုနှစ်တွင် ကွယ်လွန်သည်ဟု သိရသည်။

**လူဦးမင်း၏ ထန်းရွက်စာလွှာဒွေးချိုးကဗျာ**

လူဦးမင်းအနေဖြင့် စာဆိုတော် ဖိုးသူတော်ဦးမင်း ဆက်သွင်းသမျှ ဒွေးချိုး၊ လေးချိုး၊ တေးထပ်၊ ခွန်းထောက်၊ သဖြန်၊ ဘုန်းတော်ဘွဲ့၊လေးချိုးကြီး၊ ဒုံးချင်း၊ ဆယ့်နှစ်ရာသီဖွဲ့သောသီချင်း၊ ကဗျာများကို ဖတ်လျှောက်ရသည်။ မိမိကိုယ်တိုင်လည်း လေးချိုးကြီး၊ တေးထပ်၊ ခွန်းထောက်၊ သဖြန်၊ ဆယ့်နှစ်ရာသီဘွဲ့၊ ဒွေးချိုး၊ လေးချိုး၊ သီချင်းများကို ရေးသားလေ့ရှိသည်။ ၁၂၃၃ ခုနှစ် အသက် ၇၁ နှစ်တွင် အဖျားရောဂါနှင့်ကွယ်လွန်ရှာလေသည်။ လူဦးမင်းအနိစ္စလွန်သည့်အခါ ဝတ်လျက်ရှိသောအင်္ကျီအိတ်ထဲမှ ထန်းရွက်စာလွှာလေးတစ်ခုတွေ့ရပေသည်။ ထိုစာလွှာလေးမှာ လူဦးမင်း၏ နောက်ဆုံးဒွေးချိုးကဗျာလေးဖြစ်သည်။ အဆိုပါကဗျာမှာ "အဇ္ဇတဂ္ဂေ၊ နေ့ရေလို့လွမ်း။ နမမောင့်ကို ချစ်တာဖြင့်၊ နည်းရစ်တော့ဝမ်း။"ဟူ၍ ဖြစ်သည်။ ပြောရမည်ဆိုလျှင် ကဗျာစာဆိုတော်သည် သေဆုံးကွယ်လွန်သွားသည့်တိုင် ဒွေးချိုးကဗျာဖြင့်သာ နိဂုံးချုပ်အဆုံးသတ်သွားရှာပေသည်။ ထိုစာလွှာလေးကို ကျန်ရစ်သူဆွေမျိုးတို့က လူဦးမင်း၏ဇနီးကို ပေး၍နောက်ဆုံးအချိုးသဖြန်လေးကို သူ့ဇနီးသည်က ကောင်းစွာသိမ်းဆည်းထားသည်ဟုဆိုသည်။

**စာခံနှင့် စာအုပ်**

ရတနာပူရအင်းဝမြို့ နန်းမတော်မယ်နု တောင်လေသာ၌ ညအခါလသာတွင် စံတော်မူနေစဉ် ဦးမင်းနှစ်ပါးကို"မောင်မင်းတို့စာဆိုရမည်။ ဖိုးသူတော်ဦးမင်း စာခံတာကို လူဦးမင်းက စာအုပ်ရမည်"ဟု မိန့်တော်မူသဖြင့် ဖိုးသူတော်ဦးမင်းက "ကုဏ်ဏ္ဏလာ၊ ဒုမ္မာကပေါ့"ဟုဆိုရာ လူဦးမင်းက "ဂုမ္ဗောဂုမ္ဗီနှင့်၊ တပသီဇာမိုရ်ဝိတ်ကယ်၊ ဆေးကြိတ်တဲ့တော။"ဟု စပ်ဆိုခဲ့သည်။ အခြားနေရာများတွင် အပြန်အလှန်အနေဖြင့် လူဦးမင်းက "ကျပ်ကြီးကိုဆောင်၊ သူတော်ယောင်ဘယ်ကိုကြွ၊ ပြောစမ်းပါကို့။"ဟုဆိုရာ ဖိုးသူတော်ဦးမင်းက "ငါ့ဆရာ၊ ကြက်နန်းတော်တောင်သာက၊ ဇေယျာမသာပို့၊ သွားမလို့ပါဗျို့"ဟု လည်းကောင်း၊ လူဦးမင်းက "ကျော်ပေ၏အသင့်၊ ကျမ်းရိုးကုန်ယောင်နှင့်၊ အာဖောင်ဖောင်ရွတ်ပုံက၊ ကြားရှာသထင့်။"ဟုဆိုရာ ဖိုးသူတော်ဦးမင်းက "မေးချင်ရာ၊ မေးပါမောင်ရို့။ ပိဋ္ဋကတ်ကိုလ၊ သိမှတ်အာဂုံနှင့်၊ ကျမ်းသုံးပုံခုနစ်ခေါက်၊ ပေါက်ခဲ့သဗျို့။"ဟုလည်းကောင်း၊ လူဦးမင်းက "ကြည်ညိုစိတ်ကယ်သန်၊ ပြည်နိဗ္ဗာန်ခေမာသို့၊ စေနာရည်စူး။"ဟုဆိုရာ ဖိုးသူတော်ဦးမင်းက "ရေယဉ်ဝန်း၊ မွေးလွန်းစံရွှင်တဲ့၊ မြို့သန်လျင် ကျိုက်ရှင်စော၊ ဩကာသဖူး။"ဟုလည်းကောင်း စသည်ဖြင့် ထိုဆရာနှစ်ဦး၏ စာခံနှင့်စာအုပ်တို့မှာ များလှပေသည်။

**နားပန်တော်ဖွဲ့ကဗျာ**

ထားဝယ်မြို့ဝန်က မယ်ကယ်နှစ်ကို လှပစွာပြုလုပ်၍ နားပန်တော်ဆက်သရာ ထိုနားပန်တော်ကို စာဆိုတော်လေးဦး စာဆိုတော်မူပြီးမှ ပန်တော်မူမည်ဟု မိဖုရားကြီးက မိန့်တော်မူချက်အရ ပထမအပိုဒ်ကို လူဦးမင်း၊ ဒုတိယအပိုဒ်ကို ဖိုးသူတော်ဦးမင်း၊ တတိယအပိုဒ်ကို ရကန်ဆရာကြီး ဦးတိုး၊ စတုတ္ထအပိုဒ်ကို ရကန်ဆရာ ဦးလန်းဟူ၍ စာဆိုတော်လေးဦးက အလှည့်ကျ နှုတ်ဖြင့်လျှောက်တင်ကြသည်မှာ လူဦးမင်းက"ဆင်တော်ရန် ပန်နားကပ်၊ ကျောက်မျက်ကတဲ့ မခြယ်"၊ ဖိုးသူတော်ဦးမင်းက "သဘော်ပါ မယ်ကယ်နှစ်မှာ၊ နတ်ယစ်သည့်နှယ်"၊ ရကန်ဦးတိုးက "သီလကုတ် ကြောင်ကြိုးသွယ်၊ စံပယ်တင်ခြယ်သန်း"၊ ဦးလန်းက "ရွှေဥဘာ ရောင်ခြည်ဝေ့တယ်၊ နန်းမေ့ဆင်ပန်း။"ဟူ၍ဖြစ်ရာ မိဖုရားခေါင်ကြီးမှာ အလွန်ဝမ်းမြောက်တော်မူသဖြင့် နားပန်တော်ဆင်မြန်းတော်မူပြီးလျှင် စာဆိုတော်လေးဦးတို့ကို ဝတ်စုံတစ်စုံစီနှင့် တစ်ပိဿာရှိဒိုင်ခွက်တစ်ခွက်စီ ချီးမြှောက်တော်မူလေသည်။

**ဒွေးချိုး**

ဒွေးချိုးသည် အမှန်တကယ်တော့ ကျန်အချိုးအားလုံးဖြစ်သည့် တြိချိုး၊ လေးချိုး၊ သံချိုလေးချိုး၊ မဟာလေးချိုးစသည်တို့၏ အခြေခံအချိုးဖြစ်ပေသည်ဟုဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ဒွေးချိုး၏အစပ်အဖွဲ့နှင့် သဘောတရားကို သိသည်နှင့် ကျန်အချိုးတို့ကို ဆက်လက်စပ်ဖွဲ့နိုင်လေသည်။ ဒွေးချိုးသည် အချိုးနှစ်ချိုးပါသည့် ကဗျာဖြစ်ရာ အခံအချိုးနှင့် အအုပ်အချိုးတို့ဖြစ်သည်။ ဒွေးချိုးရေးရာတွင် စာကြောင်းရေ အတိအကျသတ်မှတ်လေ့မရှိသော်လည်း တစ်ပိုဒ်တွင် အနည်းဆုံး နှစ်ကြောင်းတော့ ပါဝင်ပေသည်။ အခံအချိုး၏အစကို စာလုံးရေ သုံးလေးလုံးခန့် သံလွင်ဖြင့် အစချီရမည်ဖြစ်သည်။ အအုပ်အချိုး၏အဆုံးကို စာလုံးရေ လေးလုံးဖြင့် အဆုံးသတ်လေ့ရှိပြီး အချိုးနှစ်ချိုးစလုံး၏ အဆုံးသတ်ချသံများသည် သံလတ်၊ သံလေးတစ်ခုခုနှင့် ချရမည်ဖြစ်ပြီး ကာရန်ညီရမည်ဖြစ်သည်။ တစ်ပိုဒ်ချင်းစီ၌လည်း ပိုဒ်တွင်းကာရန်များ ညီရမည်ဖြစ်သည်။ ဤသို့ အသံအနိမ့်အမြင့်၊ အချီအချတစ်လှည့်စီဖြင့် ပြေပြစ်စွာဖွဲ့စပ်ရမည်ဖြစ်သည်။

> ❖ ဖိုးသူတော်ဦးမင်း၊ လူဦးမင်းတို့သည် ဒွေးချိုးများဖွဲ့စပ်ရာတွင် လက်တန်းစပ်ကြသည်က များကြသည်ကို တွေ့ရပေသည်။ ဒွေးချိုးဖွဲ့စပ်နည်းကို ဖိုးသူတော်ဦးမင်းနှင့်လူဦးမင်းတို့၏ လက်တန်းဒွေးချိုးတစ်ပုဒ်ဖြင့်ပုံစံပြရမည်ဆိုလျှင် "မင်္ဂဖိုလ်ကိုရွှယ်၊ ကယ်ပါတော့လား"ဆိုသည့်အခံအပိုဒ်ကို ဖိုးသူတော်ဦးမင်းကဖွဲ့စပ်ခဲ့ရာ လူဦးမင်းက အအုပ်ပိုဒ်ကို ချက်ချင်းလက်တန်းဖွဲ့စပ်ခဲ့သည်။ ထိုအအုပ်ပိုဒ်မှာ "ကြံ့ပလေတစ်ကောင်ထဲ၊ ဖော်ကွဲတဲ့ငါး"ဟူ၍ဖြစ်ပေသည်။ ဤဒွေးချိုးကို ကြည့်လျှင်ပင် အခံပိုဒ်က ရွှယ်နှင့်ကယ်၊ အအုပ်ပိုဒ်မှ ထဲနှင့်ကွဲတို့သည် အသံလွင်သည့် ပိုဒ်တွင်းကာရန်များဖြစ်ကြသည်။ ❖

**ဖိုးသူတော်ဦးမင်း၊ လူဦးမင်းတို့၏ လက်တန်းဒွေးချိုးတစ်ပုဒ်**

ဖိုးသူတော်ဦးမင်း၊ လူဦးမင်းတို့သည် ဒွေးချိုးများဖွဲ့စပ်ရာတွင် လက်တန်းစပ်ကြသည်က များကြသည်ကို တွေ့ရပေသည်။ ဒွေးချိုးဖွဲ့စပ်နည်းကို ဖိုးသူတော်ဦးမင်းနှင့် လူဦးမင်းတို့၏ လက်တန်းဒွေးချိုးတစ်ပုဒ်ဖြင့် ပုံစံပြရမည်ဆိုလျှင် "မင်္ဂဖိုလ်ကိုရွှယ်၊ ကယ်ပါတော့လား"ဆိုသည့်အခံအပိုဒ်ကို ဖိုးသူတော်ဦးမင်းက ဖွဲ့စပ်ခဲ့ရာ လူဦးမင်းက အအုပ်ပိုဒ်ကို ချက်ချင်းလက်တန်းဖွဲ့စပ်ခဲ့သည်။ ထိုအအုပ်ပိုဒ်မှာ "ကြံ့ပလေတစ်ကောင်ထဲ၊ ဖော်ကွဲတဲ့ငါး"ဟူ၍ ဖြစ်ပေသည်။ ဤဒွေးချိုးကိုကြည့်လျှင်ပင် အခံပိုဒ်က ရွှယ်နှင့်ကယ်၊ အအုပ်ပိုဒ်မှ ထဲနှင့်ကွဲတို့သည် အသံလွင်သည့် ပိုဒ်တွင်းကာရန်များဖြစ်ကြသည်။ လားနှင့်ငါးတို့သည် အဆုံးသတ်ချသံဖြစ်သည့် အားကာရန်သံလေးဖြစ်ပေသည်။ ဤသို့ဖြင့် ဒွေးချိုးတွင် အဆုံးသတ်ကို ပိုဒ်ဆုံးကာရန်ဖြစ်သည့် အားကာရန်ဖြင့် အချိုးသတ်ကာရန်ယူထားပေသည်။

**ဒွေးချိုး၏ အစမူလ**

ဒွေးချိုးကဗျာများကို ပတ်ပျိုးတေးသီချင်းများအဆုံးတွင် "သဖြန်"အမည်ဖြင့် တွေ့ရပေသည်။ ဒွေးချိုးကဗျာကိုပင် ဂီတသံပါအောင် အတီးအမှုတ်များဖြင့်သီဆိုသောအခါ "ခွန်းထောက်"အဖြစ် ဆိုကြပြန်သည်။ ထို့ပြင် ဒွေးချိုး၊ တြိချိုးနှင့် လေးချိုးတို့ကိုပင် ဇာတ်ငိုချင်းအဖြစ်လည်း တည်ရှိနေကြောင်း တွေ့ရပေသည်။ ထို့ကြောင့် အချိုးကဗျာတို့သည် စာပေလောကသာမက ဂီတနှင့်ဇာတ်သဘင်လောကတို့တွင်ပါ ဝင်ရောက်နေရာယူလျက်ရှိသည်မှာ ရှေးကာလမှ ယခုထက်တိုင်ပင်ဖြစ်နေပေသည်။ အင်းဝခေတ် ၈၂၂ ခုနှစ်တွင် ပထမဦးဆုံး ဒွေးချိုးတစ်ပုဒ်ပေါ်ထွန်းခဲ့ပြီး ရေးဖွဲ့သူနှစ်ဦးမှာ ရှင်ဥတ္တမကျော်က အခံပိုဒ်ဖြစ်သော "စာစပ်ကယ်ပလီ၊ မယ်နှင်းဆီသား။" ကို ဖွဲ့ဆိုသီကျူးရာ အအုပ်ပိုဒ်ကို ရှင်မဟာသီလဝံသက "တောင်ကိုပင် လျှောက်ကာပြေး၊ မယ်ဒွေး၏သား" ဟု ကောက်ကာင်ကာ စပ်ဖွဲ့ခဲ့လေသည်။ သို့ပါ၍ ပုဂံ၊ ပင်းယ၊ အင်းဝခေတ်ကျောက်စာများတွင် မြစ်ဖျားခံခဲ့သော အချိုးကဗျာသည် အင်းဝခေတ်တွင် အချိုးပုံစံပီပြင်လာခဲ့ပြီဖြစ်သည်။

**ဖိုးသူတော်ဦးမင်းနှင့် လူဦးမင်း**

ဖိုးသူတော်ဦးမင်းနှင့် လူဦးမင်းတို့သည် ဘုရင့်စာဆိုတော်များပီပီ တန်ဖိုးပွတ္တိဉာဏ်ဖြင့် ပြည့်စုံသော စာဆိုပြိုင်ဘက်များဖြစ်ကြပြီး ရုတ်ခြည်းစာဖွဲ့ရာတွင်လည်း အစွမ်းထက်မြက်ကြပေသည်ကို တွေ့ရသည်။ ထိုစာဆိုတော်နှစ်ဦးတို့သည် လက်တန်းဒွေးချိုးကဗျာများအပြင် ဘုန်းတော်ဘွဲ့များ၊ လေးချိုးကြီးများ၊ ရတု၊ တေးထပ်နှင့် ဒုံးချင်းတို့ကိုလည်း စပ်ဆိုသီကုံးကြပြီး ဆယ့်နှစ်ရာသီဘွဲ့များကိုလည်း ရေးဖွဲ့ခဲ့ကြပေသည်။ စာဆိုတော်နှစ်ဦးတို့သည် ဘုရင်နှင့် မိဖုရားတို့ရှေ့တွင်သာမက ရပ်ထဲရွာထဲတွင်ပါ သူတို့၏ ကဗျာဉာဏ်၊ စာဉာဏ်ကို ရွှက်ကုန်ဖွင့်၍ လွှင့်ကြသည်ကို တွေ့ရပေသည်။ ဖိုးသူတော်ဦးမင်းနှင့် လူဦးမင်းတို့၏ ဟာသရည်လွှမ်းသော အာဝဇ္ဇန်းကဗျာများဖြစ်သည့် လက်တန်းဒွေးချိုးကဗျာလေးများသည် ကြားရသူရယ်ရွှင်မြူးဖွယ်အဖြစ် ရင်ထဲအသည်းထဲ စွဲကျန်ခဲ့ကြပေသည်မှာ အမှန်ပင်ဖြစ်ပေသည်။

**ကိုးကား**


၁။ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ဒုတိယတွဲ
၂။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၉)
၃။ သူရဇော်၏ အချိုးကဗျာလေ့လာချက်
၄။ မြောင်းမြသခင်တင်၏ ရှေးစာဆိုတော်ကြီးများ၏ ဟာသရသကဗျာများ

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲပုပ် ၁၈၉၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မင်းကင်း ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲပုပ် ၁၈၉၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၉၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲပုပ်စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၈၉၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၄၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပဲပုပ်သီးနှံ ၁၉၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲပုပ်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၁၈၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပိုးမွှားကျရောက်မှုမရှိစေဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ လိုအပ်တဲ့ မျိုးစေ့တွေရရှိဖို့ကိုလဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲပုပ်သီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပဲခူးမြို့နယ် မုက္ကလကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပဲခူး ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုအထွေထွေပိုလျှံ ရန်ပုံငွေဖြင့် မုက္ကလကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရန်မျိုးနိုင်၊ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် ဝန်ထမ်းများက မုက္ကလကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ မုက္ကလကျေးရွာ၌ လမ်းအရှည်ပေ ၄၆၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေကျပ် ၄၃၀ ဒသမ ၇၀၃ သန်းဖြင့် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သုတ

# နွေမိန်တပေါင်း

- ဂိမှာန်ခေါ် နွေတစ်ခေါက်ကိုဖြင့်
သွေ့မဖောက် ရောက်မှန်စွာ၊
သရဖီ ရာသီပန်းတွေလည်း
ခါမီလည်းဖြာ၊
သဲပုံပြု စေတီမှာ
မြန်မာ့ရိုးရာ သဒ္ဒါကဲ၊
ဘုရားရှင်
ပြည်တော်ဝင် အခါတော်နေ့ရယ်မို့
(လပြည့်နေ့ကို)
မမေ့မှတ်စွဲ။

- မိန်ရာသီ လတပေါင်းပေမို့
ဆောင်းလက်ပြ ပြန်ပေါ့ကွယ်၊
ကောင်းကင်မှာ မြူတွေကင်းလို့
ရှင်းသန့်ကာရယ်၊
ရှင်နေမင်း သူမညှာတယ်
အပူမှာကြွယ် ညည်းတယ်လေး၊
ညဘက်တွေ အနေခက်သော်လည်း
နံနက်ခင်းအေး။

- ကျေးငှက်စုံ သံသာတေးကိုဖြင့်
ဟစ်ကြွေးလို့ ညံရှာပြီ၊
နွေတေးရှင် ကိုဥသြလည်း
လွမ်းမောတေးသီ၊
ခြောက်သွေ့လို့ နေ့ရှည်သည်
တပေါင်းမည် နွေလတွင်း၊
လေရူးပွေ
ခြွေခူးသလေ ရော်ဝါရွက်တို့
မြေသက်လို့ဆင်း။ ။

**မောင်နွေဦး(လယ်ဝေး)**

# ရှာငံမြို့နယ် တောင်ပို့ကွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရှာငံ ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရှာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယကြီးကျေးရွာအုပ်စု တောင်ပို့ကွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှာငံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လွင်မိုးက တောင်ပို့ကွဲကျေးရွာရှိ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများ ယခင်ကထက် တိုးချဲ့လုပ်ကိုင်ရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများရရှိစေရန်နှင့် စီမံကိန်းမှ တိုးပွားလာသောအတိုးငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဦးအောင်လွင်မိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၅၄ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တောင်ပို့ကွဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၆ ဦးကို ရန်ပုံငွေကျပ် ၅၅၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွန့်

# နိုင်ငံတကာ သတင်းများ

## အိန္ဒိယဝန်ကြီးချုပ် နာရင်ဒြာမိုဒီ လာမည့် ဖေဖော်ဝါရီ ၂၅ ရက်တွင် အစ္စရေးနိုင်ငံသို့သွားရောက်မည်



**ဒေလီ ဖေဖော်ဝါရီ ၂၃**

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒြာမိုဒီအနေဖြင့် လာမည့် ဖေဖော်ဝါရီ ၂၅ ရက်တွင် အစ္စရေးနိုင်ငံသို့လာရောက်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဖေဖော်ဝါရီ ၂၂ ရက်က ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အစ္စရေးနိုင်ငံ ခရီးစဉ်အတွင်း အိန္ဒိယဝန်ကြီးချုပ် နာရင်ဒြာမိုဒီသည် အစ္စရေးနက်ဆက်လွှတ်တော်၌ မိန့်ခွန်းပြောရန်လည်း စီစဉ်ထားသည်ဟု အစ္စရေးဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားထားကြောင်း သိရသည်။

အစ္စရေးနိုင်ငံသို့ အိန္ဒိယဝန်ကြီးချုပ် လာရောက်မည့်အစီအစဉ်ကို အစ္စရေးဝန်ကြီးချုပ်က အစ္စရေးအစိုးရအဖွဲ့ အစည်းအဝေးပွဲတွင် အတည်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒြာမိုဒီသည် ၂၀၁၇ ခုနှစ်တွင် အစ္စရေးနိုင်ငံသို့ နောက်ဆုံးတစ်ကြိမ် ရောက်ရှိခဲ့ဖူးသည်။

အစ္စရေးနှင့် အိန္ဒိယနှစ်နိုင်ငံဆက်ဆံရေးသည် အစွန်းရောက်ဘုံရန်သူများကို ရင်ဆိုင်မည့်ဒေသတွင်း မဟာမိတ်စုဖွဲ့မှုတွင် အကျုံးဝင်သော ဆက်ဆံရေးဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်က ပြောကြားထားသည်။

အစ္စရေးနိုင်ငံ ခရီးစဉ်ကို အိန္ဒိယဝန်ကြီးချုပ် နာရင်ဒြာမိုဒီကလည်း ဖေဖော်ဝါရီ ၂၂ ရက်တွင် ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ၌ အတည်ပြုထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် ကင်ဂျုံအန်ကို မြောက်ကိုရီးယားအလုပ်သမားပါတီ ဆက်လက်ရွေးချယ်



**ပြုံယမ်း ဖေဖော်ဝါရီ ၂၃**

မြောက်ကိုရီးယား နိုင်ငံ၏ လက်ရှိအာဏာရကိုရီးယားအလုပ်သမားပါတီသည် ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် လက်ရှိခေါင်းဆောင် ကင်ဂျုံအန်ကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ထပ်မံရွေးချယ်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကိုရီးယား အလုပ်သမားပါတီ နဝမအကြိမ်ညီလာခံ စတုတ္ထမြောက်နေ့တွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကို ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် ဆက်လက် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ၎င်း၏ဖခင် ကင်ဂျုံအီလ် ကွယ်လွန်ခဲ့သည့် ၂၀၁၁ ခုနှစ်မှစ၍ ကိုရီးယားအလုပ်သမားပါတီကို ဦးဆောင်ခဲ့သူဖြစ်သည်။

ကိုရီးယား အလုပ်သမားပါတီ နဝမအကြိမ် ညီလာခံစတုတ္ထနေ့တွင် ပါတီဗဟိုကော်မတီဝင်သစ်များကိုလည်း ပါတီကိုယ်စားလှယ်များက ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

ငါးနှစ် တစ်ကြိမ်ကျင်းပမြဲဖြစ်သည့် ကိုရီးယားအလုပ်သမားပါတီညီလာခံသို့ ပါတီကိုယ်စားလှယ်ဦးရေ ၅၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ကိုရီးယား အလုပ်သမားပါတီ နဝမအကြိမ် ညီလာခံသည် လာမည့် ငါးနှစ်အတွက် ရည်မှန်းချက်သစ်များနှင့် မူဝါဒသစ်များကို ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အမေရိကန်နှင့် အီရန်နိုင်ငံတို့၏ တတိယအကျော့ နျူကလီးယားဆွေးနွေးပွဲ ဂျီနီဗာမြို့၌ ကျင်းပမည်

**ဂျီနီဗာ ဖေဖော်ဝါရီ ၂၃**

အမေရိကန်နှင့် အီရန်နိုင်ငံတို့၏ တတိယအကျော့နျူကလီးယားဆွေးနွေးပွဲများကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား တတိယအကျော့ နျူကလီးယားဆွေးနွေးပွဲများ ကျင်းပမည့်အချိန်နှင့်နေရာကို အိုမန်နိုင်ငံခြားရေးဝန်ကြီး ဘာဒါးအယ်လ်ဘူဆိုင်ဒီက ဖေဖော်ဝါရီ ၂၂ ရက်တွင် အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

အိုမန်နိုင်ငံသည် အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား ပထမအကျော့နျူကလီးယားဆွေးနွေးပွဲများကို ဖေဖော်ဝါရီ ၆ ရက်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီးဖြစ်သည်။

သို့ရာတွင် ကြားနေနိုင်ငံဖြစ်သည့် ဆွစ်ဇာလန်နိုင်ငံ၏ ကမ်းလှမ်းချက်အရ အမေရိကန်နှင့် အီရန်တို့သည် ဒုတိယအကျော့နျူကလီးယား ဆွေးနွေးပွဲများကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့သို့ ရွှေ့ပြောင်း ကျင်းပခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့် နျူကလီးယားသဘောတူညီချက် မရယူခဲ့ပါက ဆိုးရွားသည့် အကျိုးဆက်များနှင့် ရင်ဆိုင်ရမည် ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

လက်ရှိတွင် အမေရိကန်ရေတပ်သည် အရှေ့အလယ်ပိုင်းဒေသ၌လေယာဉ်တင်သင်္ဘောများအပါအဝင် ရေတပ်အင်အားစုစည်းထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## မူးယစ်ရာဇာ အယ်လ်မင်ချိုကို မက္ကဆီကိုတပ်မတော် ရှင်းလင်း

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၂၃**

နာမည်ဆိုးဖြင့် အထင်ရှားဆုံး မူးယစ်ရာဇာတစ်ဦးဖြစ်သည့် နီမီစီယိုအိုစီဂွာရာကို မက္ကဆီကိုတပ်မတော်က ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြုလုပ်ခဲ့သောစစ်ဆင်ရေးတစ်ခုအတွင်း ရှင်းလင်းနိုင်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အယ်လ်မင်ချိုဟု လူသိများသည့် နီမီစီယိုအိုစီဂွာရာသည် ဂျာလစ္စကိုပြည်နယ် အခြေစိုက်ဂျာလစ္စကိုနယူးဂျင်နရေးရှင်းမူးယစ်ဂိုဏ်း၏ ခေါင်းဆောင်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၂ ရက် စစ်ဆင်ရေးအတွင်း နီမီစီယိုအိုစီဂွာရာကို ဒဏ်ရာဖြင့်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီးနောက် မက္ကဆီကိုစီးတီးမြို့သို့ ပို့ဆောင်ချိန်တွင် ရရှိထားသောဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း မက္ကဆီကိုတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါစစ်ဆင်ရေးကို ဂျာလစ္စကိုပြည်နယ် တာပယ်လ်ပါမြို့၌ မက္ကဆီကိုတပ်မတော် အထူးတပ်ဖွဲ့များက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံက ထောက်လှမ်းရေးသတင်းများ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

မက္ကဆီကိုတပ်မတော်၏ စစ်ဆင်ရေးအတွင်း နီမီစီယိုအိုစီဂွာရာ သေဆုံးခဲ့ပြီးနောက် မူးယစ်ဂိုဏ်းအဖွဲ့ဝင်များက မက္ကဆီကိုပြည်နယ် ၂၀ တို့ရှိ နေရာ ၂၀၀ ကျော်တို့၌ မော်တော်ယာဉ်များမီးရှို့၍ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။

အမေရိကန်နိုင်ငံအတွင်း မူးယစ်ဆေးဝါးများ ဝင်ရောက်မှုကို တားဆီးရေးအတွက် အမေရိကန်အစိုးရ၏ ဖိအားပေးမှုနှင့်ရင်ဆိုင်နေရချိန်တွင် မက္ကဆီကိုတပ်မတော်က နီမီစီယိုအိုစီဂွာရာကို ရှင်းလင်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နီပေါနိုင်ငံ၌ ဘတ်စကားတစ်စီး မြစ်ထဲထိုးကျ ဗြိတိန်နိုင်ငံသားများအပါအဝင် ၁၉ ဦးသေဆုံး



**ခတ္တမန္ဒူ ဖေဖော်ဝါရီ ၂၃**

နီပေါနိုင်ငံ အနောက်ပိုင်း၌ ယနေ့ နံနက်ပိုင်းက ခရီးသည်တင်ဘတ်စကားတစ်စီး တောင်ပေါ်လမ်းတွင် လမ်းချော်ခဲ့ပြီး မြစ်ထဲသို့ ထိုးကျခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ယာဉ်မတော်တဆမှုအတွင်း ဗြိတိန်နိုင်ငံသားများအပါအဝင် လူ ၁၉ ဦးသေဆုံးခဲ့ကြောင်း နီပေါတာဝန်ရှိသူများက ပြောကြားထားသည်။

လူ ၄၄ ဦး လိုက်ပါလာသော အဆိုပါ ခရီးသည်တင်ဘတ်စကားသည် တောင်ပေါ်လမ်း၌ မောင်းနှင်နေစဉ် လမ်းချော်ခဲ့ပြီးနောက် အနက် မီတာ ၂၀၀ တွင်ရှိသည့် ထရိုင်ရှူလီမြစ်ထဲသို့ ထိုးကျခဲ့ခြင်းဖြစ်သည်။

အဆိုပါ ယာဉ်မတော်တဆမှုတွင် လူ ၁၉ ဦးသေဆုံး၍ ၂၅ ဦး ဒဏ်ရာရခဲ့သည်ဟု နီပေါတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဇူလိုင်လကလည်း တစ်စီးလျှင် လူဦးရေ ၅၀ ကျော်စီ လိုက်ပါလာသည့် ဘတ်စကားနှစ်စီး မြေပြိုမှုကြောင့် ထရိုင်ရှူလီမြစ်ထဲ ထိုးကျခဲ့ဖူးသည်။

လမ်းများဆိုးရွားခြင်း၊ မော်တော်ယာဉ်များပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်း၊ ပေါ့ဆစွာမောင်းနှင်ခြင်းတို့ကြောင့် နီပေါနိုင်ငံ၌ ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တုမစ်ရှင်နှစ်ခုကို တစ်ရက်အတွင်း ရှေ့ဆင့်နောက်ဆင့်လွှတ်တင်ခဲ့



ဝါရှင်တန် ဖေဖော်ဝါရီ ၂၃

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် ဖေဖော်ဝါရီ ၂၁ ရက် တစ်ရက်တည်းတွင် စတားလင့်ခ်ဂြိုဟ်တုမစ်ရှင်နှစ်ခုကို ရှေ့ဆင့်နောက်ဆင့်လွှတ်တင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၂ ရက် သတင်းများအရ သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် ဖေဖော်ဝါရီ ၂၁ ရက်၏ ပထမဆုံးမစ်ရှင်အဖြစ် စတားလင့်ခ်ဂြိုဟ်တု ၂၅ စင်းကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဖေဖော်ဝါရီ ၂၁ ရက်၏ ဒုတိယမြောက်မစ်ရှင်အဖြစ် စတားလင့်ခ်ဂြိုဟ်တု ၂၈ စင်းကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့သည်။

အဆိုပါမစ်ရှင်နှစ်ခုစလုံးတွင် ဖယ်လ်ကွန်-၉ ဒုံးပျံများသည် သယ်ယူသွားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သက်ဆိုင်ရာပတ်လမ်းများပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အထက်ပါမစ်ရှင်နှစ်ခုစလုံးတွင် ဖယ်လ်ကွန်-၉ ဒုံးပျံများ၏ ပထမအဆင့်ပင်မဒုံးယာဉ်များသည် မောင်းသူမဲ့တွဲရေယာဉ်များပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့ကြသည်။

အဆိုပါမစ်ရှင်များသည် စပေ့အိတ်ကုမ္ပဏီအတွက် ယခုနှစ်၏ ၂၁ ကြိမ်မြောက်နှင့် ၂၂ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်များဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## နာဆာ၏ New Horizon အာကာသယာဉ်က ပလူတိုဂြိုဟ်သိမ်၏ နှစ်ဂြိုဟ်ရံလပေါ်မှ ရေခဲတောင်များကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

ဝါရှင်တန် ဖေဖော်ဝါရီ ၂၃

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ New Horizon အာကာသယာဉ်သည် ပလူတိုဂြိုဟ်သိမ်၏ နှစ်အမည်ရှိ ဂြိုဟ်ရံလပေါ်မှ ရေခဲတောင်များကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၂ ရက် သတင်းများအရ သိရသည်။



ပလူတိုဂြိုဟ်သိမ်၏ နှစ်ဂြိုဟ်ရံလပေါ်ရှိ ရေခဲတောင်များသည် အမြင့်ပေ ၁၁၀၀၀ ထိရှိပြီးပြင်းထန်လွန်းသော အအေးဓာတ်ကြောင့် ကျောက်သားများသဖွယ်ဖြစ်နေကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ၏ အဆိုအရ နှစ်ဂြိုဟ်ရံလပေါ်ရှိ ရေခဲတောင်များမှာ အမာကျောဆုံးအခဲပုံစံများဖြစ်ကြပြီး ကျောက်သားသဖွယ် ပြုမူနိုင်ကြောင်း၊ နှစ်ဂြိုဟ်ရံလ၏ အပူချိန်မှာ အနုတ် ၂၈၀ ဒီဂရီဖယ်ရင်ဟိုက်ထိရှိသည်ဟု နာဆာသိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

နှစ်ဂြိုဟ်ရံလပေါ်ရှိ ရေခဲတောင်များ၏သက်တမ်းမှာ နှစ်ပေါင်းသန်း ၁၀၀ ခန့်သာရှိရာ ဘူမိသက်တမ်းအားဖြင့် နုနယ်သေးကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

၂၀၀၆ ခုနှစ်တွင် လွှတ်တင်ခဲ့သည့် New Horizon အာကာသယာဉ်သည် ၂၀၁၅ ခုနှစ်တွင် ပလူတိုဂြိုဟ်သိမ်နှင့် ဂြိုဟ်ရံလများကို အနီးကပ်ဖြတ်သန်းလေ့လာနိုင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## စပီနိုဆောရပ်ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို နိုင်ဂျာနိုင်ငံ ဆာဟာရသဲကန္တာရဒေသ၌ သိပ္ပံပညာရှင်များရှာဖွေတွေ့ရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၃

နိုင်ဂျာနိုင်ငံ ဆာဟာရသဲကန္တာရဒေသ၌ စပီနိုဆောရပ် (Spinosaurus) ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၂၂ ရက် သတင်းများအရ သိရသည်။

စပီနိုဆောရပ်များသည် ကမ္ဘာပေါ်၌ ပေါ်ထွက်ခဲ့ဖူးသော အရွယ်အစား အကြီးမားဆုံးအသားစားဒိုင်နိုဆော မျိုးစိတ်များထဲတွင် ပါဝင်သည်။

နိုင်ဂျာနိုင်ငံ ဆာဟာရသဲကန္တာရထဲမှ စပီနိုဆောရပ် ကျောက်ဖြစ်ရုပ်ကြွင်းကို အမေရိကန်နိုင်ငံ ချီကာဂိုတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါစပီနိုဆောရပ်ကျောက်ဖြစ်ရုပ်ကြွင်းကို Spinosaurus Mirabilis ဟူ၍ အမေရိကန်သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

Spinosaurus Mirabilis သည် သိပ္ပံပညာရှင်များရှာဖွေတွေ့ရှိခဲ့ဖူးသမျှ ဒုတိယမြောက် Spinosaurus ဒိုင်နိုဆောမျိုးစိတ်ဖြစ်သည်။

Spinosaurus Mirabilis ဒိုင်နိုဆောများသည် လွန်ခဲ့သောနှစ်ပေါင်း ၉၅ သန်းကာလ ခရီတေးစီးယပ်ဘုမ်ခေတ်အတွင်း ကျက်စားခဲ့ကြသည့်အသားစားဒိုင်နိုဆောများဖြစ်ကြပြီး ကိုယ်ခန္ဓာအရွယ်အစား ၁၂ မီတာရှည်လျား၍ ကိုယ်အလေးချိန် ငါးတန်မှ ခုနစ်တန်ထိ ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# HEALTH

## အစာခြေလမ်းကြောင်းစနစ်ကျန်းမာရေးပြဿနာကို အူမကြီးရောင်ရမ်းမှုရောဂါနှင့် အမှတ်မှားနိုင်

လန်ဒန် ဖေဖော်ဝါရီ ၂၃

SIBO ခေါ် အစာခြေလမ်းကြောင်းစနစ်ကျန်းမာရေးပြဿနာတစ်မျိုးကို Irritable Bowel Syndrom- IBS ခေါ် အူမကြီးရောင်ရမ်းမှုရောဂါနှင့် အမှတ်မှားနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

SIBO အစာခြေလမ်းကြောင်းစနစ်ပြဿနာကို IBS ပြဿနာအဖြစ် အမှတ်မှားခဲ့ပါက ဇီဝာမင်ချို့တဲ့မှုပြဿနာများ၊ ကျောက်ကပ်ပြဿနာများပေါ်ထွက်လာနိုင်ပြီး ကင်ဆာရောဂါများဖြစ်နိုင်ခြေပင် မြင့်တက်လာနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

SIBO ပြဿနာသည် အူသိမ်လမ်းကြောင်းအတွင်း ဘက်တီးရီးယားများလျှင်မြန်စွာပုံတူပွားချိန်တွင် ဖြစ်ပွားတတ်သည့် အစာခြေလမ်းကြောင်းစနစ် ပြဿနာဖြစ်ကြောင်း သိရသည်။

သို့ရာတွင် SIBO ရောဂါလက္ခဏာများမှာ IBS ရောဂါလက္ခဏာများနှင့် ဆင်တူယိုးမှားဖြစ်ကြရာ SIBO ကို IBS အဖြစ် အမှတ်မှားတတ်ပြီး ထိရောက်သည့်ကုသမှုများမပြုလုပ်မှုကြောင့် ဇီဝာမင်ချို့တဲ့မှုပြဿနာ၊ ကျောက်ကပ်ပြဿနာများပေါ်လာနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

SIBO အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးပြဿနာကို ဓာတ်စာပြောင်းလဲမှုနှင့် ပဋိဇီဝဆေးများအသုံးပြု၍ ကုသရန်လိုကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## သဘာဝသံလွင်ဆီစားသုံးမှုက အစာခြေလမ်းကြောင်းစနစ်မှတစ်ဆင့် ဦးနှောက်ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုရှိ

ရောမ ဖေဖော်ဝါရီ ၂၃

သဘာဝနည်းဖြင့်ထုတ်ယူထားသည့် သံလွင်ဆီ(Virgin Olive Oil) သည် အစာခြေလမ်းကြောင်းစနစ်မှတစ်ဆင့် ဦးနှောက်ကျန်းမာရေးအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ ဖေဖော်ဝါရီ ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အီတလီသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သံလွင်ဆီသည် အစာခြေလမ်းကြောင်းစနစ် ဘက်တီးရီးယားစုဖွဲ့မှုပုံစံကို ပြောင်းလဲပေးခြင်းဖြင့် ဦးနှောက်မှတ်ဉာဏ်အားကို ကာကွယ်ရာတွင် အထောက်အကူပြုကြောင်း သိရသည်။

အီတလီသုတေသနပညာရှင်များသည် အသက် ၅၅ နှစ်နှင့် ၇၅ နှစ်ကြားရှိသူ လူပေါင်း ၆၅၆ ဦးတို့၏ သံလွင်ဆီစားသုံးမှုပုံစံနှင့် ဦးနှောက်ကျန်းမာရေးအခြေအနေတို့ကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သဘာဝနည်းဖြင့်ထုတ်ယူထားသည့် သံလွင်ဆီကိုစားသုံးသူများသည် စက်ယန္တရားဖြင့် အသုံးပြုထုတ်ယူထားသည့် သံလွင်ဆီကို စားသုံးသူများနှင့် နှိုင်းယှဉ်ပါက ဦးနှောက်စွမ်းဆောင်ရည် ပို၍အားကောင်းနေတတ်သည်ကို တွေ့ရကြောင်း အီတလီသုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## AFF Women's Futsal Championship 2026 ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် AFF Women's Futsal Championship 2026 ပြိုင်ပွဲအတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ထိုင်းနိုင်ငံ Nakhon Ratchasima မြို့ရှိ Sima Thani Hotel တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲ အခမ်းအနားသို့ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းနည်းပြ ဒေါ်ဝါဝါခိုင်နှင့်အတူ ဖိလစ်ပိုင်အသင်း၊ ဩစတြေးလျအသင်း၊ ဗီယက်နမ်အသင်းတို့မှ နည်းပြများတက်ရောက်ခဲ့ကြပြီး ဒေသတွင်း မီဒီယာများ၏မေးမြန်းမှုများကို အသီးသီးဖြေကြားခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း နည်းပြ ဒေါ်ဝါဝါခိုင်က "ကျွန်မတို့အသင်း အနေနဲ့ ပြိုင်ပွဲမတိုင်ခင် ပြင်ဆင်ချိန် တစ်လရရှိခဲ့ပါတယ်။ ဒီကာလအတွင်းမှာ ကစားသမားတွေရဲ့ ကြံ့ခိုင်မှုနဲ့ အခြေခံနည်းစနစ်တွေကို ပြင်ဆင်ထားပါတယ်။ အသင်းတိုင်းကိုလဲ လေးလေးစားစား ယှဉ်ပြိုင်သွားမှာပါ။ ကစားသမားတွေရော နည်းပြအဖွဲ့ဝင်တွေအားလုံးက စည်းစည်းလုံးလုံးနဲ့ကြိုးစားနေကြသလို အောင်မြင်မှုတစ်ခုခုရရှိအောင်လဲ ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့သည်။

AFF Women's Futsal Championship 2026 ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် ဩစတြေးလျအသင်း၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် အသီးသီးကစားရမည်ဖြစ်ကြောင်း သိရသည်။

STA




## Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘရစ်ချ်မန်း ဆွတ်ခူး




**ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၂၃**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့အိန်ဂျယ်လိစ်ကောင်တီတွင် ကျင်းပခဲ့သည့် Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘရစ်ချ်မန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Golf Today သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ကီတာယာမာနှင့် မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီရွိုင်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြပြီး ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား အာဒမ်စကော့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏တတိယနေရာတွင် ရပ်တည်ခဲ့သည်။

ဘရစ်ချ်မန်းက "ပွဲအပေါ်မှာပဲ အာရုံစိုက်ပြီးတော့ ရလဒ်ကောင်းဖို့ပဲ စဉ်းစားခဲ့တယ်။ ကျွန်တော် အကောင်းဆုံး လုပ်နိုင်ခဲ့ပါတယ်။ ကစားသမားဘဝရဲ့ ပထမဆုံးသော PGA Tour ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ တိုက်ဂါးဝုဒ်လို ကစားသမားမျိုး ကွင်းထဲမှာရှိနေချိန် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တာဟာ ကျွန်တော့်အတွက် အကောင်းဆုံးအမှတ်တရပါပဲ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Today

Trs : AZL

## WBA အမျိုးသမီးလိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို အမေရိကန်လက်ဝှေ့မယ် ပက်ကင် ဆွတ်ခူး

**ဒက်ထရွိုက် ဖေဖော်ဝါရီ ၂၃**

WBA အမျိုးသမီး လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲအဖြစ် အမေရိကန်လက်ဝှေ့မယ် ပက်ကင်နှင့် ဩစတြေးလျလက်ဝှေ့မယ် ကန်နီအာလေတို့ ဖေဖော်ဝါရီ ၂၂ ရက်တွင် အမေရိကန်နိုင်ငံ ဒက်ထရွိုက်ပြည်နယ်၌ ထိုးသတ်ခဲ့ရာ ခြောက်ချီမြောက်တွင် ပက်ကင်က ကန်နီအာလေကို အလဲထိုးရလဒ်ဖြင့် အနိုင်ရခဲ့ပြီး ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပက်ကင်အနေဖြင့် အသက် ၄၃ နှစ်မှ ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူးနိုင်ခြင်းဖြစ်ပြီး အသက် ၃၁ နှစ်ရှိ ကန်နီအာလေကို အသက်အရွယ်ကွာဟချက်ရှိနေသော်လည်း ပက်ကင်အနေဖြင့် ပြတ်သားသည့် အနိုင်ရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ပက်ကင်က "ကျွန်မလိုချင်နေတဲ့ ကမ္ဘာ့ချန်ပီယံခါးပတ်ကို ပိုင်ဆိုင်ခွင့်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ အခု နောက်ထပ် ကမ္ဘာ့ချန်ပီယံ တစ်ယောက်ကို စိန်ခေါ်သွားဖို့ ပစ်မှတ်ထားနေပါတယ်။ ကျွန်မအနေနဲ့ လက်ရည်ယှဉ်ပြိုင်ခွင့် ရချင်တဲ့သူကတော့ IBF ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို အနိုင်ယူထားတဲ့ ဆာရာပဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။




Ref : Boxing Scene

Trs : AZL

## အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် အစောဆုံးတန်းဆင်းရသည့် အသင်းအဖြစ် ရှက်ဖီးလ်ဝင်းဒေးအသင်း မှတ်တမ်းဝင်

**လန်ဒန် ဖေဖော်ဝါရီ ၂၃**

ယခုနှစ် ဘောလုံးရာသီ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲ ပွဲစဉ် (၃၃)အဖြစ်ကစားခဲ့သည့် ရှက်ဖီးလ်ယူနိုက်တက်အသင်းနှင့် ရှက်ဖီးလ်ဝင်းဒေးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ရှက်ဖီးလ်ဝင်းဒေးအသင်း အနေဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် အစောဆုံး တန်းဆင်းရသည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ရှက်ဖီးလ်ဝင်းဒေး အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်များမတည်မငြိမ်ဖြစ်ခဲ့သည့်အပြင် ရမှတ်လျှော့ပြစ်ဒဏ်ပါချမှတ်ခံခဲ့ရပြီးနောက် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲ ၃၃ ပွဲကစားပြီးချိန်တွင် အနုတ် ခုနှစ်မှတ်ဖြင့် အဆင့်အောက်ဆုံးတွင်ရပ်တည်နေသည့်အတွက် အင်္ဂလန်လိဂ်-၁ ပြိုင်ပွဲသို့ တန်းဆင်းရရန် သေချာခဲ့ခြင်းဖြစ်သည်။

ရှက်ဖီးလ်ဝင်းဒေး အသင်းသည် ယခုနှစ်ဘောလုံးရာသီ အင်္ဂလန်ချန်ပီယံရှစ် ပြိုင်ပွဲတွင် လက်ကျန်ပွဲစဉ် ၁၃ ပွဲကစားရန် ကျန်ရှိသည့်အချိန်မှာပင် တန်းဆင်းခဲ့ရသည့်အတွက် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ပြိုင်ပွဲမှအစောဆုံး တန်းဆင်းရသည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : B/R Football

Trs : STA

## Delray Beach Open တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို အမေရိကန်တင်းနစ်ကစားသမား ဆီဘက်စတီယန် ဆွတ်ခူး

**ဖလော်ရီဒါ ဖေဖော်ဝါရီ ၂၃**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ဒယ်ရေးဘိချ်မြို့တွင် ကျင်းပခဲ့သည့် Delray Beach Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမားများ ဖြစ်ကြသည့် တွမ်မီပေါလ်နှင့် ဆီဘက်စတီယန်တို့ ယှဉ်ပြိုင်ခဲ့ရာ ဆီဘက်စတီယန်က (၆-၄၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




ဆီဘက်စတီယန်သည် Delray Beach Open ပြိုင်ပွဲ သမိုင်းတစ်လျှောက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်သည့် ကိုးဦးမြောက် အမေရိကန် တင်းနစ်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဆီဘက်စတီယန်က"ကျွန်တော့်အတွက် သိပ်ကို အဓိပ္ပာယ်ရှိတဲ့ ဆုဖလားဖြစ်ပါတယ်။ ကာလရှည်ခက်ခဲတဲ့အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပြီးတဲ့နောက်ပိုင်း အခုလိုအောင်မြင်မှု ပြန်ရတာဟာ ကစားသမားဘဝအတွက် သိပ်ကိုအထောက်အကူဖြစ်စေပါတယ်။ တွမ်မီလိုကစားသမားမျိုးနဲ့ ဗိုလ်လုပွဲအဆင့်မှာ ကစားရမှာဆိုတော့ ပွဲမတိုင်မီ စိတ်လှုပ်ရှားနေခဲ့ပါတယ်။ ဒါပေမဲ့ တည်တည်ငြိမ်ငြိမ်နဲ့ပွဲကို ထိန်းချုပ်နိုင်အောင် အကောင်းဆုံး ကြိုးစားခဲ့ပါတယ်။ အကောင်းဆုံး လုပ်နိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

# အင်ဒိုနီးရှားနိုင်ငံ ကာလီမန်တန်ကျွန်းအနီး ရေပြင်တွင် ပြင်းအား ၇ မဂ္ဂနီကျူအဆင့်ရှိသော ငလျင်လှုပ်ခတ်ခဲ့



ဂျကာတာ ဖေဖော်ဝါရီ ၂၃

အင်ဒိုနီးရှားနိုင်ငံ ကာလီမန်တန်ကျွန်းအနီး ရေပြင်တွင် ပြင်းအား ၇ မဂ္ဂနီကျူအဆင့်ရှိသော ငလျင်လှုပ်ခတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံအတွင်းရှိ ကာလီမန်တန်ကျွန်းအနီး ရေပြင်တွင် ပြင်းအား ၇ မဂ္ဂနီကျူအဆင့်ရှိသော ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း၊ အဆိုပါငလျင်သည် မြေအောက်အနက် ကီလိုမီတာ ၆၂၀ တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ငလျင်ဗဟိုချက်ကို မြောက်လတ္တီတွဒ် ၆ ဒသမ ၉၅ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၁၆ ဒသမ ၂ ဒီဂရီတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်လှုပ်ခတ်မှုသည် မြေအောက်အနက် အလွန်နက်ရှိုင်းသော (Deep-focus earthquake) အမျိုးအစားဖြစ်သဖြင့် မြေပြင်ပေါ်တွင် ထိခိုက်ပျက်စီးမှုများ အနည်းငယ်သာဖြစ်ပေါ်ခဲ့ကြောင်း ငလျင်ပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

လက်ရှိအချိန်ထိ လူထိခိုက်ဒဏ်ရာရရှိမှု၊ အဆောက်အအုံပျက်စီးမှုဆိုင်ရာများကို စိစစ်နေဆဲဖြစ်ကြောင်း ဒေသခံအာဏာပိုင်များက ပြောကြားထားသည်။

ထို့ပြင် ပင်လယ်ရေအောက်အနက်တွင် လှုပ်ခတ်ခဲ့ခြင်းကြောင့် ဆူနာမီလှိုင်း ဖြစ်ပေါ်နိုင်ခြေမရှိကြောင်း သက်ဆိုင်ရာစောင့်ကြည့်ရေးအဖွဲ့များက ထုတ်ပြန်ထားပြီး သက်ဆိုင်ရာ အာဏာပိုင်များက ဒေသခံပြည်သူများကို နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှုများအတွက် သတိပြုနေထိုင်ကြရန် သတိပေးထားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ပစိဖိတ်မီးကွင်း (Pacific Ring of Fire) ဟုခေါ်သော ငလျင်နှင့် မီးတောင်လှုပ်ရှားမှုများ မကြာခဏ ဖြစ်ပွားသည့် ဒေသအတွင်း တည်ရှိနေသဖြင့် ပြင်းအားမတူညီသည့် ငလျင်များ မကြာခဏလှုပ်ခတ်လေ့ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အာရပ်စော်ဘွားများပြည်ထောင်စုက ကင်ညာနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် စားနပ်ရိက္ခာ တန်ချိန် ၃၀ ပေးပို့လှူဒါန်း

အဘူဒါဘီ ဖေဖော်ဝါရီ ၂၃

ကင်ညာနိုင်ငံတွင် ၂၀၂၃ ခုနှစ်နှစ်ဦးပိုင်းမှစတင်၍ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသဖြင့် စားနပ်ရိက္ခာအခက်အခဲဖြင့် ရင်ဆိုင်နေရသည့်အတွက် အာရပ်စော်ဘွားများပြည်ထောင်စုက ဖေဖော်ဝါရီ ၂၂ ရက်တွင် စားနပ်ရိက္ခာ တန်ချိန်ပေါင်း ၃၀ ထိ ပေးပို့လှူဒါန်းခဲ့ကြောင်း အာရပ်စော်ဘွားများပြည်ထောင်စုက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကင်ညာနိုင်ငံ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများလည်း အခက်တွေ့နေပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ အမြောက်အမြားရှိနေကြောင်း၊ ရေဘေးဒဏ်သင့်ပြည်သူများကို ကမ္ဘာ့ကုလသမဂ္ဂက လူသားချင်း စာနာထောက်ထားရေး အစီအစဉ်ဖြင့် ကူညီပေးလျက်ရှိနေသော်လည်း လုံလောက်မှုမရှိသည့်အတွက် နိုင်ငံတကာ၏အကူအညီကိုတောင်းခံပေးထားကြောင်း ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းက ထုတ်ပြန်ထားသည်။

"ရေဘေးအန္တရာယ်ကြောင့် စားနပ်ရိက္ခာ မလုံလောက်တဲ့ပြဿနာနဲ့ရင်ဆိုင်နေရတဲ့ ကင်ညာနိုင်ငံပြည်သူတွေအတွက် ဖေဖော်ဝါရီ ၂၂ ရက်မှာ စားနပ်ရိက္ခာ တန်ချိန်ပေါင်း ၃၀ ကို လေကြောင်းနဲ့ ပေးပို့လှူဒါန်းနိုင်ခဲ့ပါတယ်။ အာရပ်စော်ဘွားများပြည်ထောင်စုအနေနဲ့ ကင်ညာနိုင်ငံက ရေဘေးဒဏ်သင့်ပြည်သူတွေအတွက် လိုအပ်တာတွေ ကူညီပံ့ပိုးပေးသွားဖို့အတွက် အဆင်သင့်ပါပဲ"ဟု အာရပ်စော်ဘွားများပြည်ထောင်စု လူသားချင်း စာနာထောက်ရေး အေဂျင်စီ၏ဥက္ကဋ္ဌ အာမက်အယ်လ် အမ်မရီက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဟောင်ကောင်အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်တိုကောင်စီတွင် လောင်ကျွမ်းနေသောတောမီးကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်

ပေကျင်း ဖေဖော်ဝါရီ ၂၃

တရုတ်နိုင်ငံ ဟောင်ကောင်အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နန်တိုကောင်တီတွင် ဖေဖော်ဝါရီ ၁၆ ရက်မှစတင်၍ လောင်ကျွမ်းနေသော တောမီးကို စတင်ထိန်းချုပ်နိုင်ပြီ ဖြစ်ကြောင်း ဟောင်ကောင် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဟက်တာ ၂၉ ဒသမ ၅၄ ထိ ပျက်စီးသွားခဲ့ကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များအပြင် Forestry and Nature Conservation Agency မှ ဝန်ထမ်း ၉၄ ဦးထိ တောမီးကိုထိန်းချုပ်နိုင်ရေးအတွက် ကူညီပေးခဲ့ကြောင်း၊ ထို့ပြင် လေတပ်ကလည်း လေကြောင်း အကူအညီပေးခဲ့သည့်အတွက်တောမီးလောင်ကျွမ်းမှုကို ခုနစ်ရက်ကြာတွင် စတင်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။



"နန်တို ကောင်တီအနီးမှာ တောမီးလောင်ကျွမ်းမှု ဖေဖော်ဝါရီ ၁၆ ရက်က စတင်ခဲ့ပါတယ်။ ရာသီဥတုအခြေအနေကြောင့် တောမီးဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိခဲ့ပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ကျွန်တော်တို့ဝန်ကြီးဌာနက ဝန်ထမ်းတွေနဲ့ လေတပ်အကူအညီတွေကြောင့် တောမီးကို ခုနစ်ရက်အကြာ ဖေဖော်ဝါရီ ၂၂ ရက်မှာ စတင်ထိန်းချုပ်နိုင်ခဲ့ပါတယ်။ လူနေအိမ်တွေနဲ့ အခြေခံအဆောက်အအုံတွေဆီကို ကူးစက်လာနိုင်တဲ့အခြေအနေမျိုး ဖြစ်နေတဲ့အတွက် အင်အားသုံးပြီးတော့ တောမီးကိုထိန်းချုပ်နိုင်ဖို့ကြိုးစားခဲ့တာဖြစ်ပါတယ်။ ရာနှုန်းပြည့်ထိန်းချုပ်နိုင်တော့မှာဖြစ်ပါတယ်"ဟု Forestry and Nature Conservation Agency မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဂရိနိုင်ငံ Lemnos ကျွန်းတွင် ရေကြီးရေလျှံမှုများ ပြင်းထန်စွာဖြစ်ပွားပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်နေ

အေသင် ဖေဖော်ဝါရီ ၂၃

ဂရိနိုင်ငံမြောက်ပိုင်း Aegean ပင်လယ်ရှိ Lemnos ကျွန်းတွင် ရေကြီးရေလျှံမှုများ ပြင်းထန်စွာဖြစ်ပွားပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာသော ရေကြီးရေလျှံမှုသည် Lemnos ကျွန်းတွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် လူနေအိမ်များ၊ ဆိုင်ခန်းများ၊ အရေးကြီးသော အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ပြီး လမ်း၊ တံတားများစွာ ဖြတ်သန်းသွားလာ၍မရဘဲ ယာယီပိတ်ထားရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

ဂရိနိုင်ငံအရှေ့မြောက်ပိုင်းတွင် တည်ရှိသောကျွန်းပေါ်ရှိ ဒေသခံများ၏ဘဝကို အနှောင့်အယှက်ဖြစ်စေခဲ့ကြောင်း၊ ရေပေးဝေရေးစနစ်များ ပြင်းထန်စွာ ထိခိုက်ခဲ့ပြီး အချို့နေရာများတွင် သောက်သုံးရေ ပြတ်လပ်လျက်ရှိကြောင်း၊ စာသင်ကျောင်း သုံးကျောင်း ပျက်စီးခဲ့သဖြင့် ပိတ်ထားရကြောင်း၊ ကျေးလက်လမ်းများ ပျက်စီးမှုကြောင့် တောင်သူများနှင့် မွေးမြူရေးသမားများ အခက်ကြုံနေသဖြင့် ကျွန်းအာဏာပိုင်များက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ



# မော်ရိုကိုနိုင်ငံ ဟာဘာချီဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

ရာဘတ် ဖေဖော်ဝါရီ ၂၃

မော်ရိုကိုနိုင်ငံ ဟာဘာချီဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရကြောင်း မော်ရိုကို အရေးပေါ်စီမံခန့်ခွဲရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ၁၈၀၀၀၀ ကျော်ထိရှိနေပြီး ယာယီကယ်ဆယ်ရေးစခန်းတွင် နေရာချပေးထားကြောင်း၊ ရေကြီးရေလျှံမှုကြောင့် လျှပ်စစ်မီးများ ပြတ်တောက်နေပြီး ယာယီကယ်ဆယ်ရေး စခန်းများတွင်လည်း လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးထားနိုင်ခြင်းမရှိကြောင်း သိရသည်။

"မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဟာဘာချီဒေသမှာ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။ရေဘေးအန္တရာယ်ကြောင့် ဒေသခံ ၁၈၀၀၀၀ ကျော်ထိ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်။ ယာယီကယ်ဆယ်ရေးစခန်းတွေမှာ နေရာချပေးထားရပါတယ်။ ဒီကာလက ရမ်ဇာန်လကာလဖြစ်တယ်။ ရေဘေးအန္တရာယ်ကြောင့် ရမ်ဇာန်လကို ယာယီဆိုင်းငံ့ခဲ့ရပါတယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ ဧရိယာတွေမှာ လျှပ်စစ်မီးတွေ ပြတ်တောက်နေပြီးတော့ ကယ်ဆယ်ရေးစခန်းတွေမှာလဲ လျှပ်စစ်မီးတွေရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါဘူး။ အန္တရာယ်ရှိတဲ့ ရေကြီးရေလျှံမှုဖြစ်ပါတယ်။ ပုံမှန်အတိုင်း ပြန်ဖြစ်ဖို့ကတော့ နှစ်လ ဒါမှမဟုတ် သုံးလလောက်ထိ စောင့်ရလိမ့်မယ်"ဟု မော်ရိုကို အရေးပေါ် စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# တက္ကသိုလ်ဝင်စာမေးပွဲကြီး အောင်မြင်ဖို့ အလေးထားဖြေဆိုကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

မိဘများသည် သား၊ သမီးများကို သူတို့ထက် ပိုမိုတိုးတက်အောင်မြင် ကြီးပွားစေလိုကြသည်မှာ မည်သူမျှ ငြင်းဆန်၍မရသော ပကတိအရှိတရားပင် ဖြစ်သည်။ ငွေကြေးမပြည့်စုံသည့်တိုင် သား၊ သမီးများ အဆင့်မြင့်ပညာ သင်ယူနိုင်စေရန် ခြိုးခြံချွေတာ၍ ကျောင်းထားပေးကြသည်။ အထူးသဖြင့် လက်လုပ်လက်စား အခြေခံလူတန်းစားများသည် သား၊ သမီးများကို ပညာအမွေမှလွဲ၍ ငွေကြေး၊ ပစ္စည်းဥစ္စာများ ပေးနိုင်ကြသည် မဟုတ်ပေ။ ထို့ကြောင့် သား၊သမီးများ၏ တက္ကသိုလ်ဝင်တန်းအတွက် ငွေကြေးများစွာ ရင်းနှီးကြရသည်။

**စာမေးပွဲဖြေဆိုခွင့်ကတ်များထုတ်ယူနိုင်**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများသည် မတ်လ ၁၁ ရက်မှ ၁၇ ရက်ထိ စာမေးပွဲကြီး ဖြေဆိုကြရတော့မည်ဖြစ်သည်။ ပညာရေးဝန်ကြီးဌာနသည် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်ထားကြသော ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက် (တနင်္လာနေ့) မှစ၍ မိမိတို့ ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ ကျောင်းအုပ်ကြီးများထံ၌ ထုတ်ယူရန် အသိပေးကြေညာထားပါသည်။

ယခုအချိန်သည် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူအားလုံး စာမေးပွဲဖြေဆိုရန်အဆင်သင့်ဖြစ်နေပြီဟု ယုံကြည်မိပါသည်။ မိမိကိုယ်ကိုလည်း ယုံကြည်မှု အပြည့်အဝရှိနေရမည်ဖြစ်သည်။ မိဘများကလည်း သား၊ သမီးတို့ကို လိုအပ်သည်များ အစွမ်းကုန်ဖြည့်ဆည်းပေးကြမည်ဖြစ်သည်။

**စိတ်တည်ငြိမ်နေရန်လို**

တက္ကသိုလ်ဝင်စာမေးပွဲကာလသည် နွေဦးတပေါင်းလဆန်း ကာလဖြစ်သည်။ တောင်လေတဖြူးဖြူး တိုက်နေပြီဖြစ်သည်။ လက်ပံပင်များကလည်း နီရဲနေအောင် ပွင့်နေပြီဖြစ်သည်။ အဖော်မဲ့ ဥဩငှက်ကလည်း တွန်သံပေးနေပြီဖြစ်သည်။ နွေသရုပ်ပေါ်နေပြီဖြစ်သည်။ နွေဦးလေရူးနှင့်အတူ အချို့ ကျောင်းသား၊ ကျောင်းသူများသည် စိတ်ပြန့်လွင့်နေတတ်ခြင်းများ၊ စိုးရိမ်စိတ်များနှင့် စိတ်မတည်ငြိမ်ခြင်းများ ဖြစ်တတ်လေ့ရှိသည်။ ရထားပြီးသားစာများကိုပင်ပြန်နွှေးရန် စိတ်မပါသကဲ့သို့ ဖြစ်နေတတ်သည်။ ထိုအချိန်မျိုးတွင် မိဘအုပ်ထိန်းသူများသည် သား၊ သမီးများကို စိတ်ဓာတ်မြှင့်တင်ပေးရန် လိုသည်။ အထူးသဖြင့် မိဘအုပ်ထိန်းသူများက စာမေးပွဲကာလတွင် ကလေးများ၏ သွားလာလှုပ်ရှားမှုကို မျက်ခြည်မပြတ်စောင့်ကြည့်ရန် လိုအပ်သည်။

**ပြန်လည်လေ့ကျင့်ရန်လို**

အမှန်စင်စစ်မှာမူ ပညာသင်နှစ် အစကတည်းကပင် စာကြိုးစားသောကလေးများသည် သင်ခန်းစာအားလုံး လေ့လာကျက်မှတ် ပြီးစီးနေသင့်ပြီဖြစ်သည်။ ယခုအချိန်သည် သင်ခန်းစာများကို အပြန်ပြန်အလှန်လှန် ပြန်လည်နွှေးကာ လေ့ကျင့်နေရမည့်အချိန်ဖြစ်သည်။ ဘာသာရပ်အလိုက် အရေးကြီးသည့် အချက်အလက်များကို ပြန်လည်ဖတ်ခြင်း၊ စဉ်းစားခြင်း၊ လေ့ကျင့်ခြင်းတို့ဆောင်ရွက်နေရန်သာ ရှိသည်။ ဦးနှောက် ကြည်လင်လန်းဆန်းနေစေရန် ပေါ့ပေါ့ပါးပါးနေရမည်ဖြစ်သည်။

**ကျန်းမာရေးဂရုစိုက်ရန်လို**

စင်စစ်အားဖြင့် လက်ရှိအချိန်တွင် ကျောင်းသား၊ ကျောင်းသူများအတွက် အရေးကြီးဆုံး အချက်သည် ကျန်းမာရေး ကောင်းမွန်ရန်ပင်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာကိုမည်မျှပင်ပိုင်နိုင်နေစေကာမူ စာမေးပွဲကာလတွင် ကျန်းမာရေး ချို့ယွင်းနေလျှင် ထင်သလောက် ဖြေဆိုနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်စားသောက်ရန် လိုအပ်သည်။ အချိန်မှန်အိပ်၊ အချိန်မှန်စားရန်လိုသည်။ ရေချိုးရာတွင်လည်း ဆင်ခြင်ရန်လိုသည်။

**စနစ်တကျကြိုတင်ပြင်ဆင်ထားရန်လို**

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာမေးပွဲအတွက် လိုအပ်သည့် စာရေးကိရိယာများကို စနစ်တကျကြိုတင်ပြင်ဆင်ထားသင့်ပေသည်။ စာမေးပွဲဖြေဆိုရာတွင် ဘောပင်အသစ်ဖြင့် ဖြေဆိုမည်ဆိုလျှင် မှင်လိုက်မကောင်းသဖြင့် ရေးသားရာတွင် စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။ ဖြစ်သင့်သည်မှာ ဘောပင်၊ ခဲတံများကို ကြိုတင်၍ အစမ်းရေးထားသင့်သည်။ မှင်လိုက်ကောင်းသော ဘောပင်အမျိုးအစားကို ဝယ်ထားသင့်သည်။

ထို့ပြင် မှင်စိုဘောပင်များဖြင့်လည်း မဖြေဆိုသင့်ပေ။ မှင်များပျံ့သွားပြီး အဖြေလွှာများကို ညစ်ပတ်စေနိုင်သည်။ ခဲသားချောသည့်ခဲတံသည် ပုံဆွဲရာတွင် အဆင်ပြေစေသည်။ အချို့သော ခဲတံများသည် အရောင်မှိန်သဖြင့် ရုပ်ပုံနှင့်မျဉ်းကြောင်းများမှေးမှိန်နေတတ်ပေသည်။ ထို့အတူ အချို့ ခဲဖျက်များသည် ပျက်မသွားဘဲ အဖြေလွှာများတွင် မဲညစ်ကျန်တတ်သဖြင့် အရည်အသွေးကောင်းမွန်သော ခဲဖျက်များကို ဝယ်သင့်သည်။ တတ်နိုင်ပါက စာမေးပွဲအတွက် လိုအပ်သော အထောက်အကူ ပစ္စည်းအားလုံးကို အသစ်ဝယ်ပြီး ကြိုတင်စမ်းသပ်၍ သုံးကြည့်ထားသင့်သည်။

**ဖိအားမပေးသင့်**

အချို့ မိဘများသည် သား၊ သမီးများကို စာမေးပွဲနီးမှသာ ညဉ့်နက်သည်ထိ စာကျက်ခိုင်းလေ့ရှိကြသည်။ မအိပ်ချင်စေရန် လက်ဖက်သုပ်များ စားခိုင်းသည်။ ကော်ဖီ၊ လက်ဖက်ရည်များ သောက်ခိုင်းသည်။ အချဉ်များ စားခိုင်းသည်။ ငှက်သိုက်၊ ကြက်ပေါင်းရည်၊ ကျွဲရိုင်းကဲ့သို့သော အားဖြည့်အချိုရည်များ တိုက်ကြသည်။ ထိုသို့လုပ်ခြင်းသည် ကလေးကို ညှဉ်းပန်းနှိပ်စက်နေခြင်းသာဖြစ်သည်။ ကလေးသည် စာကျက်မရသည့်အပြင် အိပ်ရေးပျက်ထားသောကြောင့် စာမေးပွဲဖြေဆိုရာတွင်လည်း စိတ်ရွှင်လန်းမှု၊ ဦးနှောက်ကြည်လင်မှု မရှိသည်ကိုခံစားကြရသည်။ ထို့ကြောင့် မိဘများအနေဖြင့် စာမေးပွဲကာလတွင် ကလေးများကို ဖိအားမပေးမိဖို့ အထူးဂရုပြုရန် လိုအပ်သည်။

ဖြစ်သင့်သည်မှာ မိဘများအနေဖြင့် တတ်နိုင်ပါက စာမေးပွဲဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများအတွက် အဖြူနှင့် အစိမ်းဝတ်စုံကို စီစဉ်ပေးထားသင့်သည်။ စာမေးပွဲဖြေဆိုသည့်ရက်များတွင် ဝမ်းနှုးစာများ၊ အပူအစပ်၊ အဆီအအိမ့်များကို မကျွေးသင့်ပေ။ အစာကျေလွယ်သော အစားအသောက်များကိုသာ ကျွေးမွေးသင့်သည်။

**ကျောင်းသို့ကြိုတင်သွားရန်လို**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာမေးပွဲမဖြေဆိုမီ ကျောင်းသို့အနည်းဆုံး မိနစ်သုံးဆယ်ခန့် ကြိုတင်ရောက်သင့်သည်။ စာမေးပွဲဖြေဆိုခွင့်ကတ် မမေ့ဖို့ရန် အထူးသတိထားရန် လိုအပ်သည်။ ကျောင်းဝတ်စုံကိုလည်း သပ်သပ်ရပ်ရပ် ဝတ်ဆင်သွားသင့်သည်။ တစ်ကိုယ်လုံး ရွှင်လန်းတက်ကြွနေမှသာလျှင် မိမိကိုယ်ကိုယုံကြည်မှု ရှိနေမည်ဖြစ်သည်။ စာမေးပွဲခန်းဝင်ရန် ခေါင်းလောင်းတီးချိန်၌ လိုအပ်သည်များကို တစ်ပါတည်း ယူသွားသင့်သည်။

**စနစ်တကျဖြေဆိုသင့်**

စာမေးပွဲခန်း ကြီးကြပ်သူများက စည်းကမ်းချက်များ ဖတ်ပြလျှင်သေချာဂရုစိုက် နားထောင်သင့်သည်။ သက်ဆိုင်ရာ ဘာသာရပ်အလိုက် စာမေးပွဲမေးခွန်းလွှာဝေလျှင် အစ၊ အဆုံးသေချာစွာ ဖတ်သင့်သည်။ မေးခွန်းတွင် စာများပျက်နေလျှင်၊ နံပါတ်ကျော်နေလျှင်၊ မစုံလျှင်၊ မေးခွန်းတွင် တစ်ခုခုလွဲချော်နေလျှင် အခန်းစောင့်ဆရာ၊ ဆရာမများကို ချက်ချင်းသတင်းပို့သင့်သည်။

ပထမဆုံးအဖြေလွှာတွင် မိမိ၏ခုံနံပါတ်ကို ပီသစွာ ရေးသားရန်လိုအပ်သည်။ စာမေးပွဲအခန်းစောင့်များက ဖြေဆိုလို့ရပြီဆိုသည်နှင့် မေးခွန်းကို သေချာနားလည်စွာဖတ်ပြီး နံပါတ်တပ် ဖြေဆိုရမည်ဖြစ်သည်။ တစ်ပုဒ်ပြီးတိုင်း မျဉ်းကိုသေချာစွာသား၍ ပိတ်ရန်လိုသည်။ မေးခွန်းတစ်ခုချင်းစီအလိုက် ပေးထားသော အမှတ်နှင့်လျော်ညီစွာ ဖြေဆိုသင့်ပေသည်။ ဆိုလိုသည်မှာ ၁၀ မှတ်တန် မေးခွန်းကို ၅ မှတ်ဖိုးလောက် ဖြေထားမည်ဆိုလျှင် အမှတ်ပြည့်ရမည် မဟုတ်ချေ။ စနစ်သစ်မေးခွန်းပုံစံသည် အတွေးအခေါ်ပိုင်းကို ဦးစားပေးထားသဖြင့် စာမေးပွဲဖြေဆိုရာတွင် သေချာစဉ်းစား ဖြေဆိုသွားသင့်ပေသည်။

ထို့ပြင် ထပ်မံတောင်းသည့် အဖြေလွှာများကိုလည်း မိမိခုံနံပါတ်ရေးရန်လိုအပ်သည်။ မေးခွန်းအားလုံးဖြေဆိုပြီးချိန်တွင် နံပါတ်များအားလုံးရေးထားခြင်း ရှိ၊ မရှိနှင့် စားလုံးပေါင်းများ မှန်၊ မမှန်တို့ကို ပြန်လည်စစ်ဆေးသင့်ပေသည်။ ထိုသို့ မစစ်ဆေးလျှင် အမှတ်ပြည့် ရနိုင်မည်မဟုတ်ချေ။ စာမေးပွဲအခန်းပြင်ရောက်ပြီးမှ မိမိအဖြေလွှာကို ပြန်ကြည့်ခွင့်ရတော့မည် မဟုတ်သဖြင့် သတ်မှတ်အချိန်ပြည့်မှသာ စာမေးပွဲခန်းထဲမှ ထွက်သင့်သည်။

**ခေါင်းထဲမှထုတ်ထားရန်လို**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မြန်မာစာ ဖြေဆိုသည့်နေ့မှစ၍ ဖြေဆိုပြီးသည့်ဘာသာရပ်တိုင်းကို ခေါင်းထဲမှ ထုတ်ထားရန်လိုသည်။ မိမိအတတ်နိုင်ဆုံး၊ အကောင်းဆုံး ဖြေဆိုပြီးပြီဟု ဆုံးဖြတ်ထားရမည်။ တချို့သော ကျောင်းသား၊ ကျောင်းသူများသည် ဖြေဆိုပြီးဘာသာရပ်များအပေါ် အားမလို အားမရ ဖြစ်နေတတ်သည်။ ထိုသို့ ဖြစ်နေမည်ဆိုလျှင် နောက်ဘာသာရပ်များ ဖြေဆိုရာတွင် အမှတ်ပြည့်ရတော့မည်မဟုတ်ချေ။ ဦးနှောက်ထဲတွင် နေ့စဉ်ဖြေဆိုရမည့်ဘာသာရပ် တစ်ခုချင်းစီကိုသာ ထည့်ထားရမည်ဖြစ်သည်။

**ဆုံးဖြတ်ချက်မှန်ရန်လို**

အချို့ ကျောင်းသား၊ ကျောင်းသူများသည် ဘာသာရပ်အားလုံးကို ကောင်းမွန်စွာဖြေဆိုနိုင်ကြသည်။ အချို့မှာမူ အားမရသည့်ဘာသာများရှိကောင်း ရှိနိုင်ပါသည်။ ထိုကျောင်းသား၊ ကျောင်းသူများသည် ဆုံးဖြတ်ချက် မမှားရန်လိုသည်။ အချို့ကလေးများသည် ဘာသာရပ်အားလုံးတွင် ဂုဏ်ထူးမထွက်နိုင်သဖြင့် နောက်ဆုံးနေ့တွင် အဖြေလွှာကို ခြစ်ခဲ့ကြသည်။ မှားယွင်းသော လုပ်ရပ်ပင်ဖြစ်သည်။ လက်ရှိအချိန်ထက် ကောင်းသောအချိန်မရှိပေ။ နောက်တစ်နှစ်ဆိုသောအချိန်သည် မသေချာ၊ မရေရာပေ။ ထို့ကြောင့် အဖြေလွှာကို ခြစ်သည့်လုပ်ရပ်မျိုးကို အထူးရှောင်ကြဉ်သင့်ပေသည်။ မိမိကံကြမ္မာကို မိမိကိုယ်တိုင်ဖန်တီးနိုင်ရမည်ဖြစ်သည်။ စာမေးပွဲခန်းထဲတွင် ဆုံးဖြတ်ချက်မှန်ကန်ရန် အထူးအရေးကြီးသည်။

ဘာပဲဖြစ်ဖြစ် တက္ကသိုလ်ဝင်တန်း တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများအားလုံးသည် မတ် ၁၁ ရက်တွင် တက္ကသိုလ်ဝင် စာမေးပွဲကြီး ဖြေဆိုကြရတော့မည်ဖြစ်သည်။ ထိုစာမေးပွဲကြီးသည် ကျောင်းသား၊ ကျောင်းသူများ၏အနာဂတ်ကို အဆုံးအဖြတ်ပေးမည့် စာမေးပွဲကြီးလည်းဖြစ်သည်။ ထိုစာမေးပွဲတွင်သာ ထူးချွန်စွာဖြေဆိုနိုင်မည်ဆိုလျှင် မိမိဆည်းပူးလိုသော အဆင့်မြင့်တက္ကသိုလ်ပညာကို ဆက်လက်ဆည်းပူးရန် တက်ရောက်ခွင့်ရကြမည်ဖြစ်သည်။

ပညာသင်နှစ် အစကတည်းက ပုံမှန်လေ့လာသင်ယူကျက်မှတ်ခဲ့သော ကျောင်းသား၊ ကျောင်းသူများသည် ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းဖြစ်ကြမည်ဖြစ်သည်။ ထို့ကြောင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆုံးအဖြတ်ပေးမည့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကြီး ဖြေဆိုနေစဉ်ကာလအတွင်း ဆင်ဆင်ခြင်ခြင်နေထိုင်ပြီး မေးခွန်းများကို နားလည်အောင် အပြန်ပြန်အလှန်လှန်ဖတ်ကာ အောင်မှတ်ရရှိအောင်၊ တတ်နိုင်ပါက ဂုဏ်ထူးအမှတ်များရရှိသည်ထိ ရှိသမျှကိုယ်စွမ်းဉာဏ်စွမ်းကို အစွမ်းကုန်ထုတ်၍ ဖြေဆိုသွားနိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

> ❖ စာမေးပွဲခန်းကြီးကြပ်သူများက စည်းကမ်းချက်များဖတ်ပြလျှင် သေချာဂရုစိုက် နားထောင်သင့်သည်။ သက်ဆိုင်ရာဘာသာရပ်အလိုက် စာမေးပွဲမေးခွန်းလွှာဝေလျှင် အစ၊ အဆုံးသေချာစွာ ဖတ်သင့်သည်။ မေးခွန်းတွင် စာများပျက်နေလျှင်၊ နံပါတ်ကျော်နေလျှင်၊ မစုံလျှင်၊ မေးခွန်းတွင် တစ်ခုခုလွဲချော်နေလျှင် အခန်းစောင့်ဆရာ၊ ဆရာမများကို ချက်ချင်းသတင်းပို့သင့်သည်။ ပထမဆုံးအဖြေလွှာတွင် မိမိ၏ ခုံနံပါတ်ကို ပီသစွာရေးသားရန်လိုအပ်သည်။ စာမေးပွဲအခန်းစောင့်များက ဖြေဆိုလို့ရပြီဆိုသည်နှင့်မေးခွန်းကို သေချာနားလည်စွာ ဖတ်ပြီး နံပါတ်တပ်ဖြေဆိုရမည်ဖြစ်သည်။ ❖

# Z II Video Production က ရိုက်ကူးထုတ်လုပ်မည့် သက်တံ့ရောင်နှလုံးသား ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနား ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

Z II Video Production က ရိုက်ကူးထုတ်လုပ်မည့် သက်တံ့ရောင်နှလုံးသား ဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အိမ်တော်ရာစေတီတော်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သက်တံ့ရောင်နှလုံးသား ဇာတ်လမ်းတွဲ၏ ဝတ္ထုသည် စာရေးဆရာ သန်လျင်မောင်မောင်ဦး၏ ထင်ရှားအောင်မြင်ခဲ့သည့် ရွှေပန်းကန်ပေါ်ကျတဲ့ မျက်ရည် ဝတ္ထုကို Aeternum Creative အဖွဲ့က ဇာတ်ညွှန်းရေးညွှန်းထားပြီး ဒါရိုက်တာ သိန်းဟန်(ဖီးနစ်) က Z II Video Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"သက်တံ့ရောင်နှလုံးသားဆိုတဲ့ ဇာတ်လမ်းတွဲကတော့ ဝတ္ထုစာရေးဆရာကြီး သန်လျင်မောင်မောင်ဦးရဲ့ ရွှေပန်းကန်ပေါ်ကျတဲ့မျက်ရည် အရင်ရုပ်ရှင်ဇာတ်ကားရိုက်ခဲ့တာကို ကျွန်တော်တို့က ပြန်လည်အသက်သွင်းမှုမှာ ပါဝင်ကြမှာပါ။ ဒီဘက်ခေတ်နဲ့ လိုက်လျောညီထွေ ဖြစ်အောင် အကောင်းဆုံး ပါဝင်ကြမှာပါ"ဟု အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည့် ကျော်ဆုက ပြောပြသည်။

သက်တံ့ရောင်နှလုံးသား ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ဆု၊ တေဇာကျော်၊ ဆန်းမင်းဟိန်းထွဋ်၊ ဇင်မျိုး၊ ကောင်းမိုးယံ၊ မေမြင့်မိုရ်၊ မေသင်းကို၊ မှူးထိပ်ထား၊ သုန္ဒြေဦး၊ အိမ့်ကြာဖြူ၊ ကလေးသရုပ်ဆောင် ရှင်မင်းအိမ်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည် ဖြစ်ကြောင်းသိရသည်။ ASH

# What Happens At Night ဇာတ်ကား၌ မင်းသား မက်မစ်ကယ်ဆန် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၂၃**

Apple Original Films ကုမ္ပဏီ၏ What Happens At Night အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား မက်မစ်ကယ်ဆန် ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

What Happens At Night ဇာတ်ကားတွင် မင်းသား မက်မစ်ကယ်ဆန်သည် မင်းသား လီယိုနာ ရိုဒီကာပရီယို၊ မင်းသမီး ဂျီနီဖာ လော့ရင့်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် ကလေးယူရန် မျှော်လင့်ချက်ဖြင့် ဥရောပတောင်ပိုင်း နှင်းဖုံးမြို့တော်တစ်မြို့သို့ သွားရောက်ခဲ့ကြသည့် ဇနီးမောင်နှံနှစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်ပြီး စာရေးဆရာ ပီတာကင်မရွန်း၏ ခေါင်းစဉ်အမည်တူ ဝတ္ထုကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

What Happens At Night ဇာတ်ကားကို ဒါရိုက်တာ မာတင်စကော်စီစီက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းရေးဆရာ ပက်ထရစ်မာဘာက ဇာတ်ညွှန်း ရေးသား ပေးထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ ဇာတ်ကား စတင်ရိုက်ကူးမည့်နေ့နှင့် ရုံတင်ပြသမည့် အချိန်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# ပညာသည် ရုပ်ရှင်ဇာတ်ကားကို မတ်လပထမပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

Diamond Star ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ပညာသည် ရုပ်ရှင်ဇာတ်ကားကို မတ်လပထမပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ပညာသည် ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် မေမီကိုကို ထံမှ သိရသည်။




အဆိုပါ ပညာသည် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဟေမာန်ဟိဏ်းက ရေးသားထားပြီး ရိုက်ကွင်း ဇာတ်ညွှန်းကို မင်းကိုစိုး(နတ်သံကွင်း)၊ နေလင်းတို့က ရေးပေးထားကာ ဒါရိုက်တာ မိုက်တီးက Diamond Star ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားထဲမှာ ကိုမြင့်မြတ်က အာကာဆိုတဲ့ ဇာတ်ရုပ်နဲ့ပေါ့။ အာကာ့အနားမှာ မြို့သူ ချောချောလှလှလေးတွေ ရှိနေတယ်ပေါ့။ အာကာ ကြိုက်ရလောက်တဲ့သူဖြစ်အောင် တောသူ ရိုးရိုးပုံတုံးကြီးနဲ့ ချည်းကပ်ရတဲ့အပိုင်းလေးပါ။ အတတ်နိုင်ဆုံး ရိုးရိုးကြီးနဲ့ ဆွဲဆောင်မှုရှိအောင်တော့ လုပ်ထားပါတယ်။ ကိုယ်တွေလိုပဲ တစ်ဖွဲ့လုံးလည်း ကြိုးစားထားပါတယ်" ဟု သရုပ်ဆောင် မေမီကိုကိုက ပြောပြသည်။

ပညာသည် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ မင်းဘုန်းမြတ်၊ စစ်နိုင်၊ ဗီတာမင်၊ အရိုင်း၊ ကျင်ဝမ်၊ မင်းသူ၊ မင်းခေတ်၊ မောင်ကင်း၊ လင်းဇာနည်ဇော်၊ မေမီကိုကို၊ ဆွိ၊ မေမီလင်းနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# Bach Shit Crazy ၌ သောမက်လန်နွန်၊ ဂျီလီယံဘို့၊ ဆစ်ဒနီအဲလစ်ဇဘတ်အက်ဂူဒွေါတို့ ပါဝင်မည်ဖြစ်

**နယူးယောက် ဖေဖော်ဝါရီ ၂၃**

Bach Shit Crazy အမည်ရှိ ထိတ်လန့်သည်းဖို ဟာသဇာတ်ကား၌ မင်းသား သောမက်လန်နွန်နှင့် မင်းသမီး ဂျီလီယံဘို့၊ ဆစ်ဒနီအဲလစ်ဇဘတ်အက်ဂူဒွေါတို့ ပါဝင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်သတင်းများအရ သိရသည်။

Bach Shit Crazy ဇာတ်ကားသည် မင်္ဂလာပွဲတက် ကျောင်းနေဖက်သူငယ်ချင်းများ ကြုံတွေ့ရမည့်အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ထိတ်လန့်သည်းဖို ဟာသဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် အမေရိကန်အမျိုးသမီး ဒါရိုက်တာ ဂျိုစီအန်ဒရူးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Bach Shit Crazy ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဂျိုစီအန်ဒရူးကပင် ရေးသားပေးထားသည်။

လက်ရှိအချိန်တွင် Bach Shit Crazy ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ကယ်လီဖိုးနီးယားပြည်နယ်၌ စတင်နေပြီဖြစ်သည်။

Bach Shit Crazy ဇာတ်ကား ရုံတင်ပြသမည့် အချိန်ကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# MRTV ရုပ်သံလိုင်းနှင့် ကိုရီးယားနိုင်ငံ IHQ Channel တို့တွင် ထုတ်လွှင့်ပြသမည့် All Pass ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနား ပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)နှင့် ကိုရီးယားနိုင်ငံ IHQ Channel တို့တွင် ထုတ်လွှင့်ပြသမည့် All Pass ဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်အောင်မြေတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

All Pass ဇာတ်လမ်းတွဲကို မြန်မာနိုင်ငံမှ ဒါရိုက်တာ ဇော် G၊ DOP တင့်ဆန်း၊ နိုင်ဇော်ထွန်း၊ ဂျွန်ပီတာတို့က ရိုက်ကူးမှာဖြစ်ပြီး ကိုရီးယားနိုင်ငံမှ ဒါရိုက်တာ Mr. Shim Ki Won ဦးဆောင်သည့် ဒါရိုက်တာအဖွဲ့တို့က ပူးပေါင်း ရိုက်ကူးပုံဖော်မည်ဖြစ်သည်။

"ဇာတ်ညွှန်းက လူငယ်တွေကို ဦးစားပေးတဲ့ ဇာတ်ညွှန်းဖြစ်ပြီး နှစ်နိုင်ငံ ရိုးရာအလေ့အထတွေ ပါဝင်တဲ့ နှစ်ဦးနှစ်ဖက်အကျိုးရှိမဲ့ ဇာတ်လမ်းတွဲ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲကို လူငယ်တွေ အတွေးအခေါ်မှန်ကန်ပြီး ဘဝအောင်မြင်ရေးအတွက် အရည်အချင်းတွေ တိုးတက်လာစေဖို့၊ ကန့်သတ်ချက်တွေ ကြားကနေ ရုန်းကန်ကြိုးပမ်း ဆောင်ရွက်တတ်စေဖို့ရည်ရွယ်ပြီး ရိုက်ကူးတာဖြစ်ပါတယ်။ အခုလို မြန်မာ–ကိုရီးယားပူးပေါင်းပြီး ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးခွင့်ရတာကြောင့် မြန်မာလူငယ် သရုပ်ဆောင်တွေအတွက် အခွင့်အလမ်းတွေ ရရှိစေပါတယ်" ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးဦးအောင်ဝင်းက ပြောပြသည်။

All Pass ဇာတ်လမ်းတွဲတွင် မြန်မာ သရုပ်ဆောင်များအဖြစ် ပြည့်စုံ၊ ဆီဆန်ကျော်ဇော၊ သူရိန်မင်းခန့်၊ ဖြိုးဟန်ကျော်၊ ကျော်သက်အောင်၊ ရာဇာအောင်၊ မေ့ချစ်သက်၊ လင်းလက်ခွန်းချို၊ အိန္ဒြာစိုးစံ၊ မြနန္ဒာ၊ ဖြူဖြူခိုင်တို့ ပါဝင်မှာဖြစ်ပြီး ကိုရီးယားနိုင်ငံမှ Mo Gun–hoo၊ Park San–ha၊ ChoChan– Hyung တို့အပါအဝင် သရုပ်ဆောင်ကိုးဦး ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်လမ်းတွဲကို မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့တွင် ရိုက်ကူးမည်ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV) နှင့် ကိုရီးယားနိုင်ငံ IHQ Channel တို့မှာ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ ASH

# SSPC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win inspects local regiments and units and training schools in Bahtoo Cantonment



Vice-Senior General Soe Win presents cash award to a patient at the local military hospital in Ba Htoo station.

**Nay Pyi Taw February 23**

Vice Chairman of the State Security and Peace Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by senior military officers from the Office of the Commander-in-Chief, the commander of Eastern Command and officials, inspected local regiments and units and training schools in Bahtoo Cantonment today.

At the three-storey lecture building of the Tatmadaw (Army) Combat Forces School (Bahtoo), commandants of the Tatmadaw (Army) Combat Forces School (Bahtoo), Tatmadaw (Army) Officer Trainng School (Bahtoo), and Tatmadaw (Army) Non-Commissioned Officer Training School reported to the Vice-Senior General on taking local security measures, undertking of four military building tasks, and training sessions. The Vice-Senior General asked about some measures he wanted to know and fulfilled the requirements of training and administrative matters.

In the afternoon, the Vice-Senior General inspected the Livestock Breeding and Training Battalion in Bahtoo Candonment. At the battalion office, the commanding officer reported on implementation of the assigned missions, accomplishment of the guidance given by the Commander-in-Chief of Defence Services, and operation of the model agriculture and livestock zone. The Vice-Senior General gave instructions to actually achieve benefits in agriculture and livestock activities, sufficiently sell meat, fish and vegetables produced from the agriculture and livestock farms to officers, other ranks and families of regiments and units at reduced prices rather than the market prices and surplus to State service personnel and local residents at fair prices for their welfare, and set aims to achieve success in operating the zone as a model in the region.

The Vice-Senior General and party inspected the building in the model agriculture and livestock zone, raising of layers at the air-conditioned building, breeding of DYL high pedigree piglets through AI insemination, breeding of male hogs and dairy cows, cultivation of sunflower and keeping beehives to successfully pollenate sunflower plants, cultivation of seasonal crops in the greenhouses, packaging of quality seeds from quality strains of pumpkin, gourd, beans, chilli, lady's finger, mustard and eggplants at the seed production section, storage of seeds, cultivation of different banana species, display of crop seeds, test production of natural humus from waste of donkeys and horses, vaccines, feedstuffs produced from the feedstuff factory under the Directorate of Supply and Transport, and production of sunflower oil from sunflower plantations on 10 acres of land irrigated from Bahtoo spring. The Vice-Senior General asked things he wanted to know and coordinated with officials for necessary measures.



Vice-Senior General Soe Win visits trainees having dinner.

The Livestock Breeding and Training Battalion produces horse-waste natural fertilizer at K10,000 per bag. Ten bags of this fertilizer can be used per acre of paddy or sunflower to boost production. So, it is cheaper than other types of fertilizers.

The Vice-Senior General and party inspected local regiments and units in Bahtoo candonment by car and cordially greeted family members. The Vice-Senior General coordinated with officials to fulfill the requirements of those families.

Afterward, the Vice-Senior General and his party arrived at the local military hospital in Ba Htoo station, where they were welcomed by the hospital commandant and responsible officials. Then, in the hospital's meeting hall, an official explained the status of healthcare services provided to officers, soldiers, families, and residents, as well as the hospital's requirements. The Vice-Senior General provided necessary guidance and fulfilled the requirements.

Then, the Vice-Senior General and party visited the officers and other ranks receiving medical treatment at the hospital, inquired about each individual's health condition, offered words of encouragement, and provided foodstuffs.

Similarly, Daw Than Than Nwe, the wife of the Vice-Senior General, and party went to the women's and children's ward, visited the patients receiving treatment, offered words of encouragement, and provided support materials.

Afterward, the Vice-Senior General and party inspected the preparation of dinner and curries for patients in the hospital's mess hall. They also viewed the Portable Digital Dental X-ray machine provided

*See Page 13*



Vice-Senior General Soe Win inspects a display of Livestock products.



Vice-Senior General Soe Win inspects a dairy cow farm.

# Chinese citizens running online scam and gambling in Laihka Township, Shan State (South) arrested together with materials used in the illegal business



In Shan State (South), near NaungLon Village, Laihka Township, individuals involved in online scam gambling operations were arrested along with residential buildings and business equipment.



Residential and operational buildings used by individuals involved in online scam gambling operations were seen near Naunglon Village, Laihka Township, Shan State (South).

**Nay Pyi Taw February 23**

The Myanmar government has been annihilating online scam and gambling, which constitute a severe, multifaceted menace to the world, in all seriousness, as a national task, and co-operating and coordinating with governments of the neighouring countries, alongside the internal forces in energetically crushing and preventing the illegal business from taking foothold in Myanmar at all. On 22 February authorities arrested online scammers, who were Chinese citizens, in Laihka Township, Shan State (South) together with the items used in online scam business.

Combined teams, comprising security troops, were conducting area security operations with the help of aerial reconnaissance in Laihka Township found suspicious buildings at a place 3000 meters west of Naunglon village, Wanpan village-tract in the township. So, they approached the place at noon the same day, observed it and could identify it as an online scamming place, and during the area clearance operation, the combined teams captured 20 male Chinese citizen online scammers together with related materials -- one 80-foot by 20-foot residential building, one 80-foot by 20-foot workshop, one 50-foot by 20-foot dining hall, one ten-unit toilet, two Starlink discs, and accessories.

Combined teams, comprising security troops, while continuing thorough area clearance operations found five more illegal Chinese citizens at a place 2500 meters west of Tatmouk village in Laihka Township, at 6.15 pm the same day. Security forces arrested them after an investigation that identified them as the persons involved in operating an online-scam business.

In their confession the captured Chinese citizens told authorities that they were working as masonries and drivers in China; that due to financial difficulties they tried to find new jobs through the We Chat, that they were lured with promises of jobs with higher pay; that they contacted recruiters through the We Chat and entered Pansan in Myanmar and then Mongrai through Xishuangbanna city in China and Mongla in Myanmar from Changchun city in China; that they were joined by other illegal migrants and new arrivals in the said towns and their cell phones confiscated and they were taken blindfold by unknown persons by car; that some Chinese citizens left behind at an online scam centre near Mongrai; that from there they arrived at a place near Naunglon village, in Laihka Township, Shan State (South) as online-scammers in December 2025; that there were about 60 online-scammers, guarded by seven members in green uniforms of Shan armed group at the place; that on 22 February 2026, all the said online-scammers left the place in two cars and the armed person in one car for the place where they would be arrested; and that while they were assigned in respective groups at the place there were arrested by the security forces.

Effective legal action will be taken against the arrested persons and those involved in the criminal business from behind the scene will be exposed and severe action will be taken against them, and action will be taken against the seized materials and accessories used on the illegal business.

The Myanmar government is actively taking part in anti-online scam and gambling and sending back illegal migrants involved in the criminal business in one way or another on humanitarian grounds and in view of country-to-country bilateral friendly relations after scanning them through legal procedures. The government is also extraditing the main suspects of the case back to their countries and taking severe actions against them. 100



In Shan State (South), near Tatmouk Village, Laihka Township, individuals involved in online scam gambling operations were arrested.

---

*From Page 12*

by the Commander-in-Chief of Defence Services and the installation and testing of a new CT Scan machine, which supports diagnostic services for officers, soldiers, family members, and residents of the station. The Vice-Senior General and his wife then presented honorary awards for the healthcare staff serving at the hospital and donated funds for the hospital, which were accepted by the hospital commandant.

Subsequently, the Vice-Senior General and party inspected the local training schools by motor vehicle, met with families, cordially greeted them with words of encouragement, and coordinated with responsible officials to fulfill their reported needs. Afterward, they inspected the trainees having their dinner at the respective training school messes and provided necessary guidance to officials. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံက J-35 ပဉ္စမမျိုးဆက် ကိုယ်ပျောက်တိုက်လေယာဉ်ကို စတင်မိတ်ဆက်



တရုတ်နိုင်ငံသည် ၎င်းတို့၏နောက်ဆုံးပေါ် J-35 ပဉ္စမမျိုးဆက် ကိုယ်ပျောက်တိုက်လေယာဉ်ကို ဒေသတွင်းနိုင်ငံများသို့ စတင်မိတ်ဆက်ခဲ့ပြီး အမေရိကန်နိုင်ငံ၏ F-35 တိုက်လေယာဉ်ကို ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းလာကြောင်း စစ်ဘက်လေ့လာသူများက သုံးသပ်လျက်ရှိကြသည်ဟု Interesting Engineering သတင်းဌာနက ဖေဖော်ဝါရီ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုလအတွင်း ကျင်းပခဲ့သည့် စင်ကာပူလေကြောင်းပြပွဲတွင် တရုတ်နိုင်ငံပိုင် လေကြောင်းလုပ်ငန်းကော်ပိုရေးရှင်း (AVIC) က J-35 (လေတပ်သုံးဗားရှင်း) ၏ တစ်ဝက်တစ်ပျက် အရွယ်အစား ပုံစံတူမော်ဒယ်ကို စတင်မိတ်ဆက်ခဲ့သည်။ ဤတိုက်လေယာဉ် မိတ်ဆက်ပြသမှုသည် တရုတ်နိုင်ငံအနေဖြင့် ၎င်းတို့၏ ကိုယ်ပျောက်နည်းပညာနှင့် အဆင့်မြင့်လေကြောင်း အီလက်ထရွန်နစ်စနစ်တို့ကို နိုင်ငံတကာ စစ်လက်နက်ဈေးကွက်သို့ ထိုးဖောက်ရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။

J-35 တိုက်လေယာဉ်သည် Shenyang Aircraft Corporation က ဆယ်စုနှစ်တစ်ခုကျော်ကြာ အချိန်ယူ ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်အတွင်းက ပြုလုပ်ခဲ့သော စစ်ရေးပြအခမ်းအနားတွင်လည်း ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့ကာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)သို့ တရားဝင် ဝင်ရောက်ခဲ့သည်။ ဤလေယာဉ်သည် တရုတ်နိုင်ငံ၏ ပထမဆုံး ပဉ္စမမျိုးဆက် တိုက်လေယာဉ်ဖြစ်သော J-20 နှင့်မတူဘဲ ပြည်ပသို့ တင်ပို့ရောင်းချရန် အဓိကရည်ရွယ်ထားခြင်းဖြစ်သည်။

J-35 တိုက်လေယာဉ်သည် အနောက်အုပ်စု၏ လက်နက်ထောက်ပံ့ရေး ကွင်းဆက်အပေါ် မှီခိုနေရမှုကို လျှော့ချလိုသော နိုင်ငံများအတွက် အဓိကရွေးချယ်စရာဖြစ်လာနိုင်သည်။ ၎င်းတွင် အဆင့်မြင့် ကိုယ်ပျောက်နည်းပညာနှင့် လေကြောင်း အီလက်ထရွန်နစ်စနစ်များ ပါဝင်သည့်အပြင် တရုတ်နိုင်ငံ၏ ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိသော ငွေရေးကြေးရေးဆိုင်ရာ ကမ်းလှမ်းမှုများကလည်း ဆွဲဆောင်မှုတစ်ခုဖြစ်ကြောင်း သိရသည်။

Rand Corporation မှ ကာကွယ်ရေးသုတေသီ Timothy Heath ၏ အဆိုအရ တရုတ်နိုင်ငံသည် ပဉ္စမမျိုးဆက် တိုက်လေယာဉ်ထုတ်လုပ်မှုတွင် အမေရိကန်နှင့် နည်းပညာ ကွာဟချက်ကို သိသိသာသာ ကျဉ်းမြောင်းလာအောင် လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

J-35 တိုက်လေယာဉ်သည် အမေရိကန်၏ F-35 လေယာဉ်ထက် ပိုမိုမြန်ဆန်ပြီး လေကြောင်းလှုပ်ရှားမှု ပိုမိုကောင်းမွန်ဖွယ်ရှိကာ F-35 မှာမူ တာဝေးစစ်ဆင်ရေးများနှင့် မဟာမိတ်များကြား စုပေါင်းစစ်ဆင်ရေး ဆောင်ရွက်နိုင်မှုတို့အတွက် အထူးပုံစံထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဤအားပြိုင်မှုသည် အနာဂတ်ကမ္ဘာ့ကောင်းကင်ယံတွင် နည်းပညာအသာစီးရမှုထက် မဟာဗျူဟာမြောက် မဟာမိတ်ဖွဲ့နိုင်မှုကသာ အဆုံးအဖြတ်ပေးလိမ့်မည်ဖြစ်ကြောင်း ဖော်ပြနေသည့် မဟာဗျူဟာမြောက် အချိုးအကွေ့တစ်ခုပင်ဖြစ်ကြောင်း သိရသည်။

**China's fifth-gen jet showcases stealth, advanced avionics, faces F-35 challenge among buyers** ကို ဘာသာပြန် ဆိုထားပါသည်။

## အစ္စရေး Macushla ကုမ္ပဏီက အဝေးထိန်းလက်နက်စနစ်တပ်ဆင်ထားသော မောင်းသူမဲ့မြေပြင်သွားယာဉ်ကို ထုတ်ဖော်ပြသ

အစ္စရေးစက်မှုနည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သော Macushla သည် SAURON အဝေးထိန်းလက်နက်စနစ် တပ်ဆင်ထားသည့် Shadowfax အမည်ရှိ မောင်းသူမဲ့ မြေပြင်သွားယာဉ် (Unmanned Ground Vehicle – UGV) ကို ထုတ်ဖော်ပြသလိုက်ကြောင်း NewsArmy သတင်းဌာနက ဖေဖော်ဝါရီ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Shadowfax မောင်းသူမဲ့ မြေပြင်သွားယာဉ်ကို လုပ်ငန်းစဉ်ပေါင်းစုံတွင် အသုံးပြုနိုင်သည့် ပတ်လည်စနစ်အဖြစ် ပုံစံထုတ်ထားပြီး အဝေးထိန်းစနစ်ဖြင့် တိုက်ခိုက်ရေး၊ အင်ဂျင်နီယာလုပ်ငန်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထုတ်လုပ်သူ Macushla ကုမ္ပဏီက ဤစနစ်ကို မည်သည့်စစ်ဆင်ရေးနယ်ပယ်တွင်မဆို အံဝင်ခွင်ကျဖြစ်အောင် ပြင်ဆင်နိုင်သည့် ဆွစ်ဇာလန် စစ်သုံးဓားဟု တင်စားထားသည်။ ယူကရိန်းနှင့် အရှေ့အလယ်ပိုင်းဒေသတွင်း စစ်မြေပြင်အတွေ့အကြုံများကိုအခြေခံ၍ ခက်ခဲကြမ်းတမ်းသော မြေပြင်အနေအထားများတွင် လျင်မြန်စွာလှုပ်ရှားနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။

ဤယာဉ်၏ အဓိကမှာ SAURON အဝေးထိန်း လက်နက်စနစ်တပ်ဆင်ထားသောလက်နက်စင်ဖြစ်သည်။ အဆိုပါလက်နက်စင်တွင် ချေမှုန်းရေးရိုင်ဖယ်များကို တပ်ဆင်ထားနိုင်ပြီး အော်ပရေတာအနေဖြင့် ဘေးကင်းလုံခြုံသောနေရာမှနေ၍ ရန်သူကို တိကျစွာပစ်ခတ်နှိမ်နင်းနိုင်သည်။ ၎င်းသည် လူသားစစ်သည်များ တိုက်ရိုက်ထိတွေ့ရန် အန္တရာယ်ရှိသော ရှေ့တန်းစစ်မျက်နှာများနှင့် မြို့ပြစစ်ဆင်ရေးများတွင် အလွန်ထိရောက်သောစနစ်ဖြစ်သည်။

အဆိုပါ Shadowfax မောင်းသူမဲ့ မြေပြင်သွားယာဉ်ကို အလေးချိန်အလွန်ပေါ့ပါးစေရန် ပုံစံထုတ်ထားသော်လည်း စစ်ဆင်ရေးအတွက် လိုအပ်သောလက်နက်ခဲယမ်းနှင့် အထောက်အကူပြုပစ္စည်းများကို အပြည့်အဝသယ်ဆောင်နိုင်စွမ်းရှိသည်။ ၎င်း၏ ပတ်လည်စနစ်ကြောင့် မညီညာသော မြေပြင်အနေအထားများတွင်ပင် လျင်မြန်စွာမောင်းနှင်နိုင်ပြီး စစ်ဆင်ရေးလိုအပ်ချက်အလိုက် စက္ကန့်ပိုင်းအတွင်း ပုံစံအမျိုးမျိုးသို့ ပြောင်းလဲနိုင်ကြောင်း သိရသည်။

Shadowfax မောင်းသူမဲ့ မြေပြင်သွားယာဉ်ကို တိုက်ခိုက်ရေးတာဝန်များအပြင် အင်ဂျင်နီယာလုပ်ငန်းများ၊ မိုင်းနှင့် ဖောက်ခွဲရေးပစ္စည်းများ ရှင်းလင်းရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများတွင်ပါ အသုံးပြုနိုင်သည်။ အစ္စရေးကုမ္ပဏီ Macushla ၏ ထုတ်ပြန်ချက်အရ ဤယာဉ်သည် သမားရိုးကျ ယာဉ်ယန္တရားများ မသွားရောက်နိုင်သည့် နေရာများတွင်



စွမ်းဆောင်ရည်ပြည့်ဝစွာ အလုပ်လုပ်နိုင်ရန် ဒီဇိုင်းထုတ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

Shadowfax မောင်းသူမဲ့ မြေပြင်သွားယာဉ်ကဲ့သို့သော ယာဉ်များသည် အဝေးထိန်းစနစ် သို့မဟုတ် တစ်စိတ်တစ်ပိုင်း ကိုယ်ပိုင် ဆုံးဖြတ်ချက်ချနိုင်သည့်စနစ်များဖြင့် အလုပ်လုပ်ကြသည်။ ထို့ကြောင့် အော်ပရေတာများသည် စစ်မြေပြင်သို့ ကိုယ်တိုင်သွားရောက်ရန် မလိုဘဲ ဘေးကင်းလုံခြုံသည့် နေရာမှနေ၍ ထောက်လှမ်းခြင်း၊ ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းနှင့်ပစ်ခတ်မှုများကို ထိန်းချုပ်ဆောင်ရွက်နိုင်သည်။ အထူးသဖြင့် အဆင့်မြင့် ကင်မရာများနှင့် အာရုံခံကိရိယာများမှတစ်ဆင့် ပစ်မှတ်များကို ကြည့်ရှုနှိမ်နင်းနိုင်ခြင်းကြောင့် အန္တရာယ်ကြီးမားသည့် စစ်ဆင်ရေးများတွင် စစ်သည်များ၏ ထိခိုက်ကျဆုံးမှုကို အဓိက လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Israeli firm develops Shadowfax drone with SAURON turret** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်ဖူးစားပြောင်း ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ရေဦး ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်း ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၉၁၂၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ပြောင်းအဖူးရေ ၂၂၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဖူးစားပြောင်း ၉၁၂၃ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိအချိန်မှာ ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဇလွန်မြို့နယ်တွင် ငါးမုတ်များအရောင်းအဝယ်ကောင်းမွန်နေ

**ဇလွန် ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ငါးမုတ်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ဇလွန်မြို့နယ်တွင် ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်မှ ယနေ့ထိ ငါးမုတ်များဝယ်ယူမှု ကောင်းပြီး ပိဿာချိန်အများအပြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အဆိုပါငါးမုတ်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု အားကောင်းလာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိ ငါးတွေထဲမှာ ငါးမုတ်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ တစ်နေ့လျှင် ငါးမုတ် ပိဿာချိန် ၇၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်က ငါးမုတ်တွေအဝယ်လိုက်လာလို့ အရောင်းအဝယ်ဖြစ်နေတာပါ။ ငါးမုတ်တွေ ပိဿာချိန်



အများအပြား အရောင်းအဝယ် ကောင်းမွန်နေတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင် အဆင်ပြေတာတွေ့ရပါတယ်။ ဒီဘက်ဒေသကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဘက်ကို ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချရတာ အစစအရာရာ အဆင်ပြေပါတယ်"ဟု ဇလွန်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ဇလွန်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးမုတ်များအပါအဝင် ဒေသထွက် ရေထွက်ကုန်များကို စနစ်တကျ စစ်ဆေးသန့်စင်ကာ ဝယ်ယူသည့်ဒေသများကို ဆက်လက်ဖြန့်ဖြူး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးမုတ် တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း ဇလွန်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မြဝတီမြို့နယ် ဖားချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြဝတီ ဖေဖော်ဝါရီ ၂၃**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဖားချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဖားချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၃ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၃ ဦး အတွက် ရန်ပုံငွေကျပ် ၄၄၂ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# တပ်ကုန်းမြို့နယ် ညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ စာရင်းဇယားပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ အတိုင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၁၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့်အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈ ဦးကို ရန်ပုံငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးထားကြောင်း ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

**သူသူ**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ရှေ့ဖုံးမှအဆက်

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များကို တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)ရှိ သုံးထပ်စာသင်ဆောင် ရှင်းလင်းဆောင်၌ တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ဗထူး)၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)၊ တပ်မတော်(ကြည်း)အရာခံနှင့် အကြပ်ကြီးသင်တန်းကျောင်း ကျောင်းအုပ်ကြီးတို့က နယ်မြေလုံခြုံရေးဆိုင်ရာ ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်နှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌက သိရှိလိုသည်များ မေးမြန်း၍ လေ့ကျင့်သင်ကြားရေးဆိုင်ရာကိစ္စရပ်များနှင့် ကျောင်းအုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)၌ လေ့ကျင့်သင်ကြားရေးဆိုင်ရာကိစ္စရပ်များနှင့် ကျောင်းအုပ်ချုပ်မှုဆိုင်ရာလိုအပ်ချက်များ မှာကြားစဉ်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သင်တန်းသားများ ညနေစာသုံးဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် အဖွဲ့ဝင်များလိုက်ပါ၍ မွန်းလွဲပိုင်းတွင် ဗထူးတပ်မြို့ရှိ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တပ်ရင်းရုံး၌ တပ်ရင်းမှူးက ရည်မှန်းချက်တာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့် စံပြစိုက်ပျိုးမွေးမြူရေးဇုန်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အမှန်တကယ် အောင်မြင်ဖြစ်ထွန်းအောင် လုပ်ဆောင်ကြရန်၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်အသား၊ ငါး၊ အသီးအရွက်များကို တပ်ရင်း၊ တပ်ဖွဲ့များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ ပြင်ပပေါက်ဈေးထက်သက်သာသော ဈေးနှုန်းများဖြင့် လုံလောက်ဖူလုံစွာရရှိနိုင်ရန်နှင့် ပိုလျှံပါက နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏သက်သာချောင်ချိရေးအတွက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချရန်၊ စံပြစိုက်ပျိုးမွေးမြူရေးဇုန်ဖြစ်သည်နှင့်အညီ ဒေသတွင်း စံပြဖြစ်အောင်နှင့် အောင်မြင်ဖြစ်ထွန်းအောင် ရည်မှန်းချက်ထား၍ဆောင်ရွက်ရန်နှင့်အခြားလိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း မြေစိုက်ရေခံအဆောက်အအုံနှင့် လေလုံအအေးပေးအဆောက်အအုံအတွင်း ဥစားကြက်များမွေးမြူထားရှိမှု၊ AI သားစပ်ခြင်းမှ DYL မျိုးမြင့် သားပေါက်ဝက်များ၊ မျိုးမြင့်ဝက်သိုးနှင့် နို့စားနွားများမွေးမြူထားရှိမှု၊ နေကြာပန်းများ ဝတ်မှုန်ကူးမှုလွယ်ကူအဆင်ပြေစေရန်အတွက် ဆီနေကြာနှင့် ပျားအိမ်များ ယှဉ်တွဲစိုက်ပျိုးမွေးမြူထားရှိရာ အောင်မြင်ဖြစ်ထွန်းနေမှု၊ Green House အတွင်း ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ မျိုးစေ့ထုပ်ပိုးခန်းအတွင်း ရွှေဖရုံ၊ ဘူး၊ တိုင်ထောင်ပဲ၊ ငရုတ်၊ ရုံးပတီ၊ မုန်ညင်းနှင့် ခရမ်းများကို မျိုးကောင်းမျိုးသန့်များအဖြစ် အဆင့်ဆင့်မျိုးစေ့များ ထုပ်ပိုးနေမှုနှင့် သိုလှောင်ခန်းအတွင်း မျိုးစေ့များသိုလှောင်ထားရှိမှု၊ ကျောက်စိမ်း၊ တစ်သျှူး၊ သီးမွေးငှက်ပျော စိုက်ပျိုးထားရှိမှုများ၊ မျိုးစေ့များခင်းကျင်းပြသထားရှိမှု၊ လား၊ မြင်းချေးမှ သဘာဝမြေဆွေးစမ်းသပ်ထုတ်လုပ်ထားရှိမှုများ၊ ရောဂါကာကွယ်ဆေးများ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် အစာစပ်စက်ရုံမှထုတ်လုပ်သည့် တိရစ္ဆာန်အစားအစာများ ခင်းကျင်းပြသထားရှိမှု၊ ဗထူးစမ်းမှ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးထားသည့် နေကြာ ၁၀ ဧကမှ နေကြာဆီများ ထုတ်လုပ်အောင်မြင်ဖြစ်ထွန်းနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များတာဝန်ရှိသူများနှင့်အတူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းမှ ထုတ်လုပ်သည့် လားမြင်းချေးမှ သဘာဝမြေဆွေးမြေဩဇာ တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ သာကျသင့်ပြီး စပါး၊နေကြာ တစ်ဧကလျှင် ၁၀ အိတ်ခန့် အသုံးပြုခြင်းအားဖြင့် အထွက်နှုန်းပိုမိုတိုးတက်ကောင်းမွန်စေပြီး ပြင်ပထုတ် အခြားမြေဩဇာများထက် များစွာကုန်ကျစရိတ်သက်သာကြောင်း သိရှိရသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဗထူးတပ်နယ်ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး မိသားစုများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ရောက်ရှိရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ဆေးရုံအစည်းအဝေးခန်းမတွင် တာဝန်ရှိသူတစ်ဦးက အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ပေးမှုအခြေအနေများနှင့် လိုအပ်ချက်များ ရှင်းလင်းတင်ပြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များကို လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများ လိုက်လံ မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နယ်မြေခံသင်တန်းကျောင်းများမှ မိသားစုများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့်ကလေးကုသဆောင်သို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများကိုလိုက်လံကြည့်ရှုအားပေး



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ စစ်သည်များအား တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် အမျိုးသမီးနှင့် ကလေး ကုသဆောင်ရှိ လူနာများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုးမွေးမြူရေးဇုန် အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေများကို ပေးအပ်ရာ ဆေးရုံတပ်မှူးက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံသင်တန်းကျောင်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မိသားစုများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် သင်တန်းကျောင်းစားရိပ်





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ဝက်များမွေးမြူထားရှိမှုနှင့် မျိုးစေ့ထုပ်ပိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

စကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံစားရိပ်သာအတွင်း လူနာများအတွက် ညနေစာ ထမင်း၊ ဟင်းများပြင်ဆင်ထားရှိမှု၊ တပ်မတော်အကြီးအကဲက ဖြည့်ဆည်းပေးထားသည့် Portable Digital Dental သွားဓာတ်မှန်စက်နှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအတွက် ရောဂါရှာဖွေမှု အထောက်အကူပြုသည့် CT Scan စက်အသစ် တပ်ဆင်စမ်းသပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်ဇနီးတို့သည် အဆိုပါဆေးရုံတွင် တာဝန်ရှိသူများအလိုက် သင်တန်းသားများ ညနေစာ သုံးဆောင်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)


**ပြည်သူများထံ အသိပေး ပန်ကြားချက်**

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Onilne Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service)ဖြင့် လျှောက်ထားနိုင်ရေးစီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည်ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

# တတိယအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**ကြေညာချက်အမှတ် ၂/၂၀၂၆**

၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၈ ရက်

(၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်)

**တတိယအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မ ၁၇၁ ပုဒ်မခွဲ(ခ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၇ ပုဒ်မခွဲ (ခ)တို့အရ တတိယအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၌ ၁၃၈၇ ခုနှစ် တန်ခူးလဆန်း ၃ ရက်(၂၀၂၆ ခုနှစ် မတ် ၂၀ ရက်) သောကြာနေ့တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

# တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ၊ နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အမှတ် (၂၇) ခြောက်မိုင်ခွဲ ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့**သို့လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်(ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ မဖြစ်မနေပူးတွဲ ပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများမှန်ကန်ကြောင်း တိုင်ကြားသူက လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတက်ရောက်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ပြည်သူ့လွှတ်တော်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ် မတ် ၁၆ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားရာ အဆိုပါအစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက်လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ လွှတ်တော်အစည်းအဝေးတက်ရောက်ရန် နေပြည်တော်သို့ရောက်ရှိကြောင်း သတင်းပို့လက်ခံဌာနများကို အောက်ဖော်ပြပါအတိုင်း ဖွင့်လှစ်ထားရှိပါသည်-

(က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာတွင် တည်းခိုနေထိုင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ(၂)၊

( ခ ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရိပ်သာတွင်တည်းခိုနေထိုင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်၊

( ဂ ) မိမိအစီအစဉ်ဖြင့် တည်းခိုနေထိုင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်သူ့လွှတ်တော်ရေးရာဆောင် အိုင်-၁(I-1)

(ဃ) တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း(ရွာတော်)။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၂၀၂၆ ခုနှစ် မတ် ၁၀ ရက်(အင်္ဂါနေ့) ထက်မစောမတ် ၁၁ ရက်(ဗုဒ္ဓဟူးနေ့)ထက်နောက်မကျစေဘဲ သတင်းပို့ကြရန် ပြည်သူ့လွှတ်တော်ရုံးက ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတက်ရောက်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် အမျိုးသားလွှတ်တော်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ် မတ် ၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ကြေညာထားရာ အဆိုပါအစည်းအဝေးသို့တက်ရောက်ရန်ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်တွင် တည်းခိုနေထိုင်ရန်နေရာများကို အောက်ပါအတိုင်းစီစဉ်ထားရှိပါသည်-

(က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာတွင် တည်းခိုနေထိုင်မည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ(၂)၊

( ခ ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရိပ်သာတွင် တည်းခိုနေထိုင်မည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဌာနချုပ်၊

( ဂ ) တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် အမှတ်(၃)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရွာတော်)။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးတက်ရောက်ရန်အတွက် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် အိုင်-၁၉ (I-19)သို့ ၂၀၂၆ ခုနှစ် မတ် ၁၂ ရက် (ကြာသပတေးနေ့)ထက်မစော မတ် ၁၃ ရက်(သောကြာနေ့) ထက်နောက်မကျစေဘဲ သတင်းပို့ကြရန် အမျိုးသားလွှတ်တော်ရုံးက ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တတိယအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

တတိယအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၌ ကျင်းပရန်အတွက် ၂၀၂၆ ခုနှစ် မတ် ၂၀ ရက်(သောကြာနေ့)တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ကြေညာထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန်ဖိတ်စာများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့သွားမည်ဖြစ်ပါသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ သက်ဆိုင်ရာလွှတ်တော်ရုံးအသီးသီးသို့ ၂၀၂၆ ခုနှစ် မတ် ၁၄ ရက်(စနေနေ့)ထက်မစော၊ မတ် ၁၅ ရက်(တနင်္ဂနွေနေ့) ထက်နောက်မကျစေဘဲ သတင်းပို့ကြရန် သက်ဆိုင်ရာက ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှအောင်အား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကိုစတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းဝင်းထွန်းအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# အခြေခံပညာမူလတန်းအဆင့် Grade-5၊ အလယ်တန်းအဆင့် Grade-9 (ကျောင်းတွင်းစစ်) နှစ်ဆုံးတတ်မြောက်မှုစစ်ဆေးခြင်းစာမေးပွဲ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် လိုက်လံကြည့်ရှု

**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက မဟာအောင်မြေခရိုင်၊ အောင်မြေသာစံခရိုင်တို့ အတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် Grade-5၊ အခြေခံပညာအလယ်တန်းအဆင့် Grade-9 (ကျောင်းတွင်းစစ်)နှစ်ဆုံး တတ်မြောက်မှု စစ်ဆေးခြင်းစာမေးပွဲ ကျင်းပနေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။



ထိုသို့ကြည့်ရှုရာတွင် မဟာအောင်မြေခရိုင် ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၂၈) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၃၁) အခြေခံပညာအထက်တန်း ကျောင်း၊ အမှတ်(၃၀)အခြေခံပညာ အထက်တန်းကျောင်း၊ အားကစားနှင့် ကာယသိပ္ပံ(မန္တလေး)၊ အောင်မြေသာစံခရိုင် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်း ကျောင်း၊ အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်းတို့သို့ရောက်ရှိပြီး အတန်းအလိုက် ကျောင်းသား၊ကျောင်းသူများ အေးချမ်းစွာ စာဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုကာ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း စာမေးပွဲဖြေဆိုမှု ကျောင်းသား၊ ကျောင်းသူ ဦးရေ၊ စာမေးပွဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စာမေးပွဲ ကျင်းပနေမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသား၊ကျောင်းသူများ စိတ်ချမ်းမြေ့စွာဖြင့် စာမေးပွဲပြီးဆုံးသည်ထိ ဖြေဆိုသွားရေး၊ အကြောင်းမဲ့ ပျက်ကွက်ခြင်းများမရှိစေရေး၊ စာမေးပွဲစည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များအတိုင်း အလေးထားကာ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရေး တို့ကိုမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် Grade-5၊ အခြေခံပညာအလယ်တန်းအဆင့် Grade-9 (ကျောင်းတွင်းစစ်) နှစ်ဆုံးတတ်မြောက်မှု စစ်ဆေးခြင်းစာမေးပွဲများကို ဖေဖော်ဝါရီ ၂၃ ရက်မှစတင်ကျင်းပရာ Grade-5 စာမေးပွဲများကို ဖေဖော်ဝါရီ ၂၇ ရက်ထိ၊ Grade-9 စာမေးပွဲများကို ဖေဖော်ဝါရီ ၂၈ ရက်ထိကျင်းပသွားမည်ဖြစ်ပြီး မန္တလေး တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့မှ Grade-5 စာမေးပွဲ ဖြေဆိုရန်စာရင်းရှိ ကျောင်းသား၊ကျောင်းသူ ဦးရေ ၁၀၄၀၀၀ ကျော်၊ Grade-9 စာမေးပွဲဖြေဆိုရန် စာရင်းရှိကျောင်းသား၊ ကျောင်းသူ ဦးရေ ၂၅၀၀၀ ကျော်ရှိကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ဆားပြင် (တိုးချဲ့) ကြိုးပြင်ကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ(၆) ပုဒ်မခွဲ(င)အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရခိုင်ပြည်နယ် တောင်ကုတ်ခရိုင် တောင်ကုတ်မြို့နယ်ရှိ ဧရိယာအကျယ်အဝန်း ၁၀၅၈၁၅ ဧကရှိသောနယ်မြေကို ဆားပြင်(တိုးချဲ့) ကြိုးပြင်ကာကွယ်တောအဖြစ် အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၆)အရ ၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၃ ရက် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေမြေထိန်းသိမ်းကာကွယ်ရန်၊ သဘာဝဝန်းကျင်နှင့် ဇီဝမျိုးများထိန်းသိမ်းကာကွယ်ရန်၊ ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝတောကျန်များကို ထိန်းသိမ်းခြင်းကြောင့် သစ်တောဖုံးလွှမ်းမှုတိုးတက်စေရန်၊ သစ်တောဖုံးလွှမ်းလျက်ရှိသည့် မြေလွတ်မြေရိုင်းများကို ထိန်းသိမ်းကာကွယ်ရန်နှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောများ သတ်မှတ်ဖွဲ့စည်းခြင်းဖြစ်ပါသည်။

ဆားပြင်(တိုးချဲ့)ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် အမြဲစိမ်းတောနှင့် ရွက်ပျပ်ရောနှောတော အမျိုးအစားဖြစ်သည့် ပျဉ်းကတိုး၊ သင်္ကန်း၊ ကညင်၊ ကညောင်း၊ စကားဝါ၊ သင်္ဂဒူ၊ တောင်ပိန္နဲ၊ တောင်သရက်၊ သပြေ၊ ကြက်ရိုး၊ မျောက်ငို၊ ဘင်္ဂ၊ စစ် စသည့်ဒေသသစ်မျိုးများနှင့် ကရင်ဝါး၊ မဒေးဝါး၊ တရုဂူဝါးတို့အပြင် နဘက်ကြိမ်၊ ကြက်ဥကြိမ်များကို ထိန်းသိမ်းပြုစုနိုင်မည်ဖြစ်ခြင်း၊ ပြောင်၊ ဆတ်၊ ချေ၊ တောင်ဆိတ်၊ တောဝက်၊ ဝက်ပံ၊ ကျားသစ်၊ တောကြောင်၊ စပါးကြီးမြွေ၊ မျောက်၊ မျောက်လွှဲကျော်၊ ကုန်းလိပ်၊ ရခိုင်တောင်လိပ် စသည့်ရှားပါးတောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသများကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်း၊ မြေဆီလွှာတိုက်စားမှုလျော့နည်းစေခြင်းနှင့် မြေအောက်ရေထိန်းသိမ်းရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေခြင်း၊ သဘာဝဘေးအန္တရာယ်များမှ တာဆီးကာကွယ်စေနိုင်ခြင်း၊ သစ်တောဖုံးလွှမ်းမှု တိုးတက်လာပြီး ရာသီဥတုပိုမိုတိုးတက်ကောင်းမွန်မှုတလာနိုင်စေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# မြန်မာ့လက်ဖက်ခင်းပုံ ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းက မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သည့် မြန်မာ့လက်ဖက်ကို ဂုဏ်ပြုသောအားဖြင့် **မြန်မာ့လက်ဖက်ခင်းပုံ (၂၀၀ ကျပ်တန်) အထူးထုတ်** စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို **ဖေဖော်ဝါရီ ၂၆ ရက် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၁၁ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီခွဲမှ** စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။


အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက် (ကြာသပတေးနေ့)**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover)များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**




# လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ယနေ့ ညနေ ၃နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အရှေ့မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။




အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညနေမှ ဖေဖော်ဝါရီ ၂၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

# ၃၁ ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲ(Pre-Conference Workshop)ကျင်းပ



၃၁ ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲ(Pre-Conference Workshop) ကျင်းပစဉ်။

**ရန်ကုန်  ဖေဖော်ဝါရီ ၂၃**

၃၁ ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre-Conference Workshop)အဖြစ် "၁၀ ကြိမ်မြောက် သက်မဲ့ခန္ဓာအသုံးပြု ခွဲစိတ်လေ့ကျင့်ရေး အလုပ်ရုံဆွေးနွေးပွဲ"ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးတက္ကသိုလ် သက်မဲ့ခန္ဓာအသုံးပြု ခွဲစိတ်လေ့ကျင့်ရေး ဌာန၌ ကျင်းပပြုလုပ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို တပ်မတော်ဆေးတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ခင်အောင်ထွန်း၊ ပါမောက္ခ၊ ဌာနမှူးများ၊ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဆေးတက္ကသိုလ်များမှ ပါမောက္ခ၊ ဌာနမှူးများ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်မည့် သင်တန်းသားများ၊ သက်မဲ့ဆရာများ၏ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားများက သက်မဲ့ခန္ဓာအလှူရှင်များအကြောင်း မိတ်ဆက်တင်ပြကြသည်။ ယင်းနောက် သင်ကြားရေးဌာနများမှ ဂုဏ်ထူးဆောင်ပါမောက္ခများ၊ ဌာနမှူးများ၊ သင်တန်းသားများနှင့် သက်မဲ့ဆရာများ၏ မိသားစုဝင်များက သက်မဲ့ဆရာ (Silent Mentors)များကို ဂါရဝပြုအခမ်းအနား ဆက်လက်ပြုလုပ်ကြသည်။ ထို့နောက် မွန်းလွဲပိုင်းတွင် ဘွဲ့လွန်သင်တန်းသားများက မျက်စိရောဂါဆိုင်ရာခွဲစိတ်မှုများနှင့် ဘွဲ့ကြိုသင်တန်းသားများက အခြေခံခွဲစိတ်မှုနည်းလမ်းများကို အုပ်စုခွဲ၍ လက်တွေ့ခွဲစိတ်လေ့ကျင့်ခန်းများ ဆောင်ရွက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ(Pre-Conference Workshop)ကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်ထိ ပြုလုပ်မည်ဖြစ်ပြီး မှန်ပြောင်းဖြင့် အစာအိမ်၊ အူလမ်းကြောင်းခွဲစိတ်ကုသခြင်း၊ ပခုံးနှင့် လက်မောင်းအာရုံကြောများ ခွဲစိတ်ကုသခြင်း၊ ရင်ခေါင်းကို အပေါက်ဖောက်၍ အစာရေမြို ပြွန်အား ခွဲစိတ်ကုသခြင်း၊ ဆီးအိမ်ကိုဖယ်ထုတ်ပြီး ဆီးလမ်းကြောင်းလွှဲပြောင်းခွဲစိတ်ကုသခြင်း၊ ရင်သားခွဲစိတ်ကုသခြင်း၊ အသံအိုးကို ဖြတ်ထုတ်ခွဲစိတ်ကုသခြင်း၊ အလုပ်သင်ဆရာဝန်များအတွက် အရေးပေါ်ခွဲစိတ်ကုသမှုလေ့ကျင့်ခြင်း၊ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းများအတွက် ခန္ဓာဗေဒလက်တွေ့လေ့လာခွဲစိတ်ခြင်း စသည့် ခေါင်းစဉ်များဖြင့် ခွဲစိတ်လေ့ကျင့်မှုများကို နေ့အလိုက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ဉ၀၁)

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် သြဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်တို့တွင် ငါးများ ခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀)စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်ထိ ရေတွင်နှစ်၍ လက်ဝါးကို ဖြန့်ပါက ခပ်ရေးရေးမြင်ရသောအခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိမရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှသိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သောအခြေအနေပြောင်းလဲခြင်းမျိုးများဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## မြစ်ကြီးနားလေဆိပ်တွင် ခရီးသည်တင် လေယာဉ်တစ်စင်း အကြမ်းဖက်တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ နောက်ဆက်တွဲ သတင်းထုတ်ပြန်ချက်

**နေပြည်တော်  ဖေဖော်ဝါရီ ၂၃**

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖြစ်ပွားခဲ့သော မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာရန်အတွက် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းကို KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက FPV Suicide Drone များဖြင့် ယုတ်မာပက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လေယာဉ်၏ ခေါင်းပိုင်း၊ ကိုယ်ထည်အလယ်ပိုင်းနှင့် နောက်မြီးပိုင်းတို့တွင် ဗုံးစထိမှန်၍ ထိခိုက်ပျက်စီးခဲ့ရသည်။ စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းကို ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ပြည်သူလူထုအား တိုက်ရိုက်ထိခိုက်သော အကြမ်းဖက်တိုက်ခိုက်မှုကို ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းရှုတ်ချကြရန် လိုအပ်ပါသည်။

လက်ရှိအချိန်တွင် လေဆိပ်ရှိ လေယာဉ်ရပ်နားနေရာ(Apron) အနည်းငယ်ပျက်စီးခဲ့မှုကြောင့် မြစ်ကြီးနားလေဆိပ်၏လေယာဉ်ပျံသန်းပြေးဆွဲမှုများကို ခေတ္တရပ်နားထားရန် လေယာဉ်မှူးအသိပေးစာ(NOTAM)ကို ထုတ်ပြန်ထားကြောင်းနှင့် အများပြည်သူခရီးသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးတို့အတွက် ပုံမှန်အတိုင်း လေယာဉ်ပျံသန်းပြေးဆွဲနိုင်ရေး အမြန်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ Documentary သို့မဟုတ် ပညာပေးဇာတ်လမ်းတို (Short Film ၂-၃ မိနစ်စာ)၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ဖိတ်ခေါ်ပြိုင်ပွဲတို့တွင် ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါး ပပျောက်ရေးဆောင်ပုဒ် ငါးခု ရွေးချယ်မည်ဖြစ်၍ အောက်ပါသတ်မှတ်ချက်များအတိုင်း ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) တစ်ဦးလျှင် ဆောင်ပုဒ် နှစ်ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
(ခ) ဆောင်ပုဒ် တစ်ခုချင်းစီကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။
(ဂ) မြန်မာ-အင်္ဂလိပ် နှစ်ဘာသာအတွက် Font size - 13, Pyidaungsu Font ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။
(ဃ) ပြိုင်ပွဲဝင်ဆောင်ပုဒ်များကို ၂၀၂၆ ခုနှစ် မတ် ၂၄ ရက် နောက်ဆုံးထား ပေးပို့ယှဉ်ပြိုင်ရမည်။
(င) ဆောင်ပုဒ်များကို Email - ccdac.mm@gmail.com သို့ ပေးပို့ရမည်။
(စ) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာပြည့်စုံစွာပါရှိရမည်။

**မှတ်ချက်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး ပြည်သူအားလုံးက တက်ကြွစွာပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

## ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**



စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း ၈၁ နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ၃၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်တွင် အသင်းလိုက် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်တီးဝိုင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။



စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း ၈၁ နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ၃၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်တွင် အသင်းလိုက် တတိယဆုရရှိသည့် စစ်တက္ကသိုလ်ကိုယ်စားပြု စစ်တီးဝိုင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

☆ ကျောဖုံးမှအဆက်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအဖွဲ့များက စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းအား အလေးပြုခြင်း၊ နိုင်ငံတော်အလံအလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်း ပြုလုပ်ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ စစ်ရေးချုပ်က ၈၁ နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ၃၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ) အဆင့်တွင် စစ်တီးဝိုင်းခေါင်းဆောင်ကျွမ်းကျင်မှုတတိယဆုရရှိသည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းခေါင်းဆောင်၊ ဒုတိယဆုရရှိသည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းခေါင်းဆောင်နှင့် ပထမဆုရရှိသည့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းခေါင်းဆောင်၊ (က)အဆင့်တွင် စစ်တီးဝိုင်းခေါင်းဆောင်ကျွမ်းကျင်မှုအကောင်းဆုံးဆု ရရှိသည့် စစ်တက္ကသိုလ်ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်တို့ကို ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (ခ)အဆင့်တွင် အသင်းလိုက် အထူးဆု(၂)ရရှိသည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်း၊ အထူးဆု(၁)ရရှိသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်း၊ အသင်းလိုက် တတိယဆုရရှိသည့်ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်း၊ ဒုတိယဆုရရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းနှင့် ပထမဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းတို့ကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။ ထို့နောက် (က)အဆင့်တွင် အသင်းလိုက် အထူးဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ကိုယ်စားပြု ရဲတီးဝိုင်း၊တတိယဆုရရှိသည့်စစ်တက္ကသိုလ်ကိုယ်စားပြု စစ်တီးဝိုင်း၊ ဒုတိယဆုရရှိသည့်ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြုစစ်တီးဝိုင်းနှင့် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်တီးဝိုင်းတို့ကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါတပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ၁၉၉၂ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ၈၁ နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ၃၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်မှ စတင်၍ ကျင်းပပြုလုပ်ခဲ့ရာ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်း ၂၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

---

**“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့်အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“ဆူပူသောင်းကျန်းမှုများကို အမြစ်ပြတ်ချေမှုန်းရန် အသိပညာမြှင့်တင်ရေးက ပိုမိုအရေးကြီး”** ခေါင်းစဉ်ဖြင့် ၂၅-၂-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၄-၃-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“အများပြည်သူဒုက္ခရောက်စေရန် ခရီးသည်တင်လေကြောင်းကိုပါ သိသိကြီးနဲ့အကြမ်းဖက်တိုက်ခိုက်လာသော KIA နှင့် အပေါင်းပါ PDF များ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

---

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်နေသည့် တရုတ်နိုင်ငံသားများကို လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသားများကို လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။




ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် နောင်လုံရွာနှင့် တပ်မောက်ရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများကို လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။




ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် တပ်မောက်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများကို ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။



ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် နောင်လုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများကို လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် နောင်လုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများ၏ လုပ်ငန်းသုံး လူနေအဆောက်အအုံများကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် နောင်လုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများ၏ လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည် လေကြောင်းကင်းထောက်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်စဉ် လဲချားမြို့နယ် ဝမ်ပန်ကျေးရွာအုပ်စု နောင်လုံကျေးရွာ၏ အနောက်ဘက် မီတာ ၃၀၀၀ ခန့်အကွာ၌ မသင်္ကာဖွယ်အဆောက်အအုံများကို တွေ့ရှိရသဖြင့် ဖေဖော်ဝါရီ ၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် သွားရောက်ရှင်းလင်းစစ်ဆေးရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ဆောင်နေသည့် နေရာတစ်ခုဖြစ်ကြောင်း တွေ့ရှိရပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်နေကြသည့် တရုတ်နိုင်ငံသားအမျိုးသား ဦးရေ ၂၀ကို လုပ်ငန်းများလုပ်ကိုင်ရာတွင်အသုံးပြုသည့် အလျား ပေ ၈၀၊ အနံပေ၂၀ ရှိလူနေအဆောက်အအုံ တစ်လုံး၊ အလျား ပေ ၈၀၊ အနံပေ ၂၀ ရှိ အလုပ်ရုံအဆောက်အအုံ တစ်လုံး၊ အလျား ပေ ၅၀၊ အနံပေ ၂၀ ရှိ ထမင်းစားဆောင် တစ်လုံး၊ ၁၀ ခန်းတွဲအိမ်သာ တစ်လုံး၊ STARLINK ဗန်း နှစ်ခု၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည် အသေးစိတ် နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်တွင် လဲချားမြို့နယ် တပ်မောက်ကျေးရွာ၏ အနောက်ဘက် မီတာ ၂၅၀၀ ခန့်အကွာသို့ အရောက်၌ တရားမဝင် တရုတ်နိုင်ငံသား ငါးဦးကို တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများတွင် ပါဝင်ပတ်သက်သူများဖြစ်ကြောင်း သိရှိရပြီး ၎င်းတို့ကို ထပ်မံဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူများ၏ ထုတ်ဖော်ပြောကြားချက်များအရ ဖမ်းဆီးရမိ တရုတ်နိုင်ငံသားများသည် တရုတ်နိုင်ငံတွင် ပန်းရန်၊ ယာဉ်မောင်းစသည့်လုပ်ငန်းများ လုပ်ကိုင်ကြသူများဖြစ်ပြီး ငွေကြေးအခက်အခဲများကြောင့် We Chat တွင် အလုပ်အကိုင်ရှာဖွေကြရာ တရုတ်-မြန်မာနယ်စပ်၌ ဝင်ငွေကောင်းသည့် အလုပ်အကိုင်များရရှိမည်ဟု စည်းရုံးပြောကြားလာခဲ့ကြောင်း၊ ထို့ကြောင့် We Chat မှ အလုပ်အကိုင်ရှာဖွေပေးသူများနှင့် ချိတ်ဆက်၍ တရုတ်နိုင်ငံ ဆစ်ဆောင်ပန်းနားမြို့မှ မြန်မာနိုင်ငံ ပန်ဆန်းမြို့၊ ထိုမှတစ်ဆင့် မိုင်းရယ်မြို့သို့လည်းကောင်း၊ တရုတ်နိုင်ငံ ချောင်ချွန်းမြို့မှ မြန်မာနိုင်ငံ မိုင်းလားမြို့သို့လည်းကောင်း အဆင့်ဆင့် တရားမဝင် ဝင်ရောက်လာခဲ့ကြကြောင်း၊ ထို့နောက် အဆိုပါမြို့များရှိ တရားမဝင်ရောက်ရှိနေကြသူများ၊ ထပ်မံရောက်ရှိလာကြသူများနှင့်စုပေါင်းကာ အမည်မသိသူများ၏ ခေါ်ဆောင်မှုများနောက်သို့ မော်တော်ယာဉ်များဖြင့် အဆင့်ဆင့်လိုက်ပါခဲ့ကြရပြီး လက်ကိုင်ဖုန်းများကို သိမ်းဆည်းခံထားရခြင်း၊ မျက်နှာများကို အဝတ်များစည်းထားခြင်းတို့ ပြုလုပ်ခံခဲ့ရကြောင်း၊ အချို့တရုတ်နိုင်ငံသားများမှာ မိုင်းရယ်မြို့အနီးရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ၌ လုပ်ကိုင်ခဲ့ကြရကြောင်း၊ အဆိုပါနေရာများမှ တစ်ဆင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် နောင်လုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ဆက်လက်လုပ်ကိုင်ရန် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ရောက်ရှိခဲ့ကြကြောင်း၊

စာမျက်နှာ ၂၃ သို့




ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် နောင်လုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများ၏ လုပ်ငန်းသုံး လူနေအဆောက်အအုံများကို တွေ့ရစဉ်။

စာမျက်နှာ ၂၂ မှအဆက်

ထိုနေရာတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူ ဦးရေ ၆၀ ခန့်ရှိပြီး ၎င်းတို့ကို အစိမ်းရောင်ယူနီဖောင်း ဝတ်ဆင်ထားသည့် ရှမ်းလက်နက်ကိုင်အဖွဲ့မှ အစောင့် ခုနစ်ဦးခန့်က စောင့်ကြပ်လျက်ရှိကြောင်း၊ ၎င်းနောက် ဖေဖော်ဝါရီ ၂၂ ရက်တွင် အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူ ဦးရေ ၆၀ ခန့်ကို မော်တော်ယာဉ်နှစ်စီးဖြင့်လည်းကောင်း၊ လက်နက်ကိုင်ဆောင်ထားသည့် အဖွဲ့များက မော်တော်ယာဉ် တစ်စီးဖြင့် လည်းကောင်း ထိုနေရာမှထွက်ခွာခဲ့ကြပြီး ယခုဖမ်းဆီးရမိသည့် နေရာအသီးသီး၌ အဖွဲ့များကို သီးသန့်စီခွဲ၍ နေရာချထားစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီး ထိန်းသိမ်းခြင်းကို ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ကွယ်မှပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် သိမ်းဆည်းရမိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည် လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဇဝ၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသား ၁၆၈ ဦးကို မြန်မာနိုင်ငံသို့ ထပ်မံပြန်လည်ခေါ်ဆောင်



အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများကို ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်စဉ်။



မြိတ်မြို့သို့ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက တွေ့ဆုံစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိနေထိုင်နေကြသည့် မြန်မာနိုင်ငံသားများ ပြည်ပတွင် နေထိုင်စဉ်ကာလအတွင်း အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ မြန်မာသံရုံးများမှ တစ်ဆင့် အခက်အခဲများကို တင်ပြတောင်းခံလာပါက လိုအပ်သည့်ကူညီစောင့်ရှောက်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာမြန်မာသံရုံးသို့ ကိုယ်တိုင်လာရောက်သတင်းပို့သည့် မြန်မာနိုင်ငံသားများနှင့် ကမ္ဘောဒီးယားနိုင်ငံမှ ရဲတပ်ဖွဲ့များနှင့် သက်ဆိုင်ရာဌာနများက လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာနိုင်ငံသားများကို မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းခေါ်ယူသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာမြန်မာသံရုံးသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို ထပ်မံခေါ်ဆောင်ပေးရာ ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသား ၈၇ ဦးကို တပ်မတော်လေယာဉ်ဖြင့် မြိတ်မြို့သို့လည်းကောင်း၊ညပိုင်းတွင် မြန်မာနိုင်ငံသား ၈၁ ဦးကို တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့လည်းကောင်း အသီးသီး ပြန်လည်ခေါ်ဆောင် ရောက်ရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်ထိ မြန်မာနိုင်ငံသား ၁၀၈၆ ဦးကို မြန်မာ့လေကြောင်းလိုင်း (MAI)နှင့် တပ်မတော်လေယာဉ်များဖြင့် အသီးသီး ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီး ယနေ့တွင်လည်း မြန်မာနိုင်ငံသား ၁၆၈ ဦးကို ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့သဖြင့် စုစုပေါင်း မြန်မာနိုင်ငံသား ၁၂၅၄ ဦး ပြန်လည်ရောက်ရှိခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် မြိတ်မြို့သို့ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ မြိတ်ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်တွေ့ဆုံခဲ့ကြောင်းနှင့် အဆိုပါအဖွဲ့များကို ညနေပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ဆက်လက် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်မြို့သို့ ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို မင်္ဂလာဒုံခရိုင်၊ မြို့နယ် တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တွေ့ဆုံ၍ စားသောက်ဖွယ်ရာများပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ပေးသော မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့ရှိ စုရပ်နေရာသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများ၊ လိုအပ်သည့်စစ်ဆေးမှုများဆောင်ရွက်ကာ လုပ်ထုံးလုပ်နည်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ဉာဏ)

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပါကစ္စတန်နိုင်ငံသား ၁၁ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံသား နှစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင့်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပါကစ္စတန်နိုင်ငံသား ၁၁ ဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး အိန္ဒိယနိုင်ငံသား နှစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင့်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ First Secretary Mr. Fahd Saleem နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့ ဝန်းကျင်ရှိ ဆိုက်အတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် အိန္ဒိယနိုင်ငံသား နှစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးနိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လုပ်ငန်းများ ဆောင်ရွက်နေစဉ်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ယခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၂၀၈ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက် ၁၃၁၂၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ဦးရေ ၁၀၈၀ ကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဉာဏ)

# လူသားဗဟိုပြုသော AI အနာဂတ်ကိုပုံဖော်ခြင်း – ၂၀၂၆ ခုနှစ် AI သက်ရောက်မှုဆိုင်ရာ ထိပ်သီးအစည်းအဝေး

လူသားသမိုင်း၏ အရေးပါသော အချိုးအကွေ့တစ်ခုတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် AI သက်ရောက်မှုဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ ကမ္ဘာတစ်ဝန်းမှ စုဝေးရောက်ရှိခဲ့ကြပါသည်။ ကျွန်ုပ်တို့ အိန္ဒိယနိုင်ငံသားများအတွက် ကမ္ဘာအရပ်ရပ်မှ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကိုယ်စားလှယ်များနှင့် တီထွင်ဆန်းသစ်သူများကို နွေးထွေးစွာကြိုဆိုခွင့်ရခြင်းသည် အလွန်ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ အခိုက်အတန့်ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံသည် မိမိဆောင်ရွက်သမျှ ကိစ္စရပ်တိုင်းတွင် အတိုင်းအတာပမာဏနှင့် စွမ်းအင်အင်အားကို အပြည့်အဝထည့်သွင်းလေ့ရှိရာ ဤထိပ်သီးအစည်းအဝေးတွင်လည်း တူညီစွာအပြည့်အဝဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကိုယ်စားလှယ်များ စုပေါင်းတက်ရောက်ခဲ့ကြပြီး တီထွင်သူများသည် ခေတ်မီဆန်းသစ်သော AI ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ခင်းကျင်းပြသခဲ့ကြပါသည်။ ပြပွဲခန်းမများအတွင်း လူငယ်ထောင်ပေါင်းများစွာသည် သိလိုသည်များကို မေးမြန်းရင်း ဖြစ်နိုင်ခြေရှိသော အနာဂတ်များကို စိတ်ကူးပုံဖော်နေကြသည်ကို တွေ့မြင်ရပါသည်။ ၎င်းတို့၏ စူးစမ်းလိုစိတ်များက ဤအစည်းအဝေးကို ကမ္ဘာပေါ်တွင် အကြီးမားဆုံးနှင့် အများပြည်သူအကျုံးဝင်ဆုံးသော AI ထိပ်သီးအစည်းအဝေး ဖြစ်လာစေခဲ့ပါသည်။ ဤသည်မှာ အိန္ဒိယ၏ဖွံ့ဖြိုးတိုးတက်မှုခရီးစဉ်တွင် အရေးကြီးသော မှတ်တိုင်တစ်ခုအဖြစ် ကျွန်ုပ်မြင်မိပါသည်။ အကြောင်းမှာ AI ဆန်းသစ်တီထွင်မှုနှင့် လက်တွေ့အသုံးချမှုအတွက် လူထုလှုပ်ရှားမှုတစ်ရပ်မှာ အမှန်တကယ်ပင် စတင်နေပြီဖြစ်သောကြောင့် ဖြစ်ပါသည်။

လူသားသမိုင်းတွင် ယဉ်ကျေးမှုလမ်းကြောင်းကို ပြောင်းလဲစေခဲ့သည့် နည်းပညာအပြောင်းအလဲများစွာရှိခဲ့ပါသည်။ ဉာဏ်ရည်တု (AI) နည်းပညာသည် မီး၊ စာပေ၊ လျှပ်စစ်၊ အင်တာနက်တို့ကဲ့သို့ပင် အရေးပါသော အဆင့်အတန်းတွင်ရှိပါသည်။ သို့သော် AI ၏ထူးခြားချက်မှာ ယခင်က ဆယ်စုနှစ်နှင့်ချီ၍ကြာမြင့်ခဲ့သော အပြောင်းအလဲများကို ရက်သတ္တပတ် အနည်းငယ်အတွင်း ဖော်ဆောင်နိုင်ခြင်းနှင့် တစ်ကမ္ဘာလုံးကို သက်ရောက်မှုရှိစေခြင်းပင်ဖြစ်ပါသည်။

AI သည် စက်ပစ္စည်းများကို ဉာဏ်ရည်ထက်မြက်စေရုံသာမက လူသားတို့၏ ရည်မှန်းချက်များကိုပါ အဆပေါင်းများစွာ တိုးမြှင့်ပေးနိုင်သည့် စွမ်းအားတစ်ရပ်ဖြစ်ပါသည်။ AI ကို စက်ဗဟိုပြုခြင်းထက် လူသားဗဟိုပြုခြင်းကသာလျှင် အရေးကြီးဆုံးဖြစ်ပါသည်။ ဤထိပ်သီးအစည်းအဝေးတွင် ကျွန်ုပ်တို့သည် "Sarvajana Hitaya, Sarvajana Sukhaya" (အားလုံး၏ အကျိုးစီးပွား၊ အားလုံး၏ ချမ်းသာသုခ) ဟူသော မူဝါဒဖြင့် လူသားတို့၏ကောင်းကျိုးချမ်းသာကို ကမ္ဘာလုံးဆိုင်ရာ AI ဆွေးနွေးမှုများ၏ ဗဟိုချက်တွင် ထားရှိခဲ့ပါသည်။

နည်းပညာသည် လူသားများကို အစေခံရမည်ဖြစ်ပြီး လူသားများက နည်းပညာ၏ အစေခံ မဖြစ်စေရဟု ကျွန်ုပ်အမြဲတစေယုံကြည်ပါသည်။ UPI မှတစ်ဆင့် ဒစ်ဂျစ်တယ်ငွေပေးချေမှုဖြစ်စေ၊ ကိုဗစ်ကာကွယ်ဆေးထိုးခြင်းဖြစ်စေ၊ ကျွန်ုပ်တို့သည် မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျကျန်မနေစေဘဲ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများ လူတိုင်းထံသို့ ရောက်ရှိစေရန် ဆောင်ရွက်ခဲ့ပါသည်။ ဤစိတ်ဓာတ်မျိုးကိုပင် စိုက်ပျိုးရေး၊ လုံခြုံရေး၊ မသန်စွမ်းသူများအတွက် အကူအညီပေးရေးနှင့် ဘာသာစကားမျိုးစုံသုံး ကိရိယာများ စသည့်နယ်ပယ်များမှ ကျွန်ုပ်တို့၏ တီထွင်သူများ၏ လက်ရာများတွင် တွေ့မြင်ခဲ့ရပါသည်။

အိန္ဒိယနိုင်ငံတွင် AI ၏ စွမ်းဆောင်နိုင်ရည်ကို ပြသနေသည့် သာဓကများစွာရှိနေပြီဖြစ်ပါသည်။ မကြာသေးမီက အိန္ဒိယနို့ထွက်ပစ္စည်းသမဝါယမ (AMUL)က စတင်လိုက်သော "Sarlaben" အမည်ရှိ AI ဒစ်ဂျစ်တယ်အကူအညီ ပလက်ဖောင်းသည် အမျိုးသမီးအများစုပါဝင်သော နို့စားနွားတောင်သူ ၃ ဒသမ ၆ သန်းအတွက် နွားများ၏ကျန်းမာရေးနှင့် ထုတ်လုပ်မှုဆိုင်ရာ လမ်းညွှန်ချက်များကို မိမိတို့ဘာသာစကားဖြင့် အချိန်နှင့်တစ်ပြေးညီ ကူညီပေးလျက်ရှိပါသည်။ ထို့အတူ "Bharat VISTAAR" ဟုခေါ်သော AI ပလက်ဖောင်းသည်လည်း ရာသီဥတုမှသည် ဈေးကွက်ပေါက်ဈေးအထိ အချက်အလက်များကို ဘာသာစကားမျိုးစုံဖြင့် တောင်သူများထံ ပံ့ပိုးပေးလျက်ရှိပါသည်။

**❖ ဉာဏ်ရည်တု(AI)နည်းပညာသည် မီး၊ စာပေ၊ လျှပ်စစ်၊ အင်တာနက်တို့ကဲ့သို့ပင် အရေးပါသောအဆင့်အတန်းတွင်ရှိပါသည်။ သို့သော် AI ၏ထူးခြားချက်မှာ ယခင်က ဆယ်စုနှစ်နှင့်ချီ၍ ကြာမြင့်ခဲ့သော အပြောင်းအလဲများကို ရက်သတ္တပတ်အနည်းငယ်အတွင်း ဖော်ဆောင်နိုင်ခြင်းနှင့် တစ်ကမ္ဘာလုံးကိုသက်ရောက်မှုရှိစေခြင်းပင်ဖြစ်ပါသည်။ AI သည် စက်ပစ္စည်းများကို ဉာဏ်ရည်ထက်မြက်စေရုံသာမက လူသားတို့၏ရည်မှန်းချက်များကိုပါ အဆပေါင်းများစွာ တိုးမြှင့်ပေးနိုင်သည့် စွမ်းအားတစ်ရပ်ဖြစ်ပါသည်။ AI ကို စက်ဗဟိုပြုခြင်းထက် လူသားဗဟိုပြုခြင်းကသာလျှင် အရေးကြီးဆုံးဖြစ်ပါသည်။ ❖**

လူသားများသည် စက်ပစ္စည်းများအတွက် အချက်အလက် (Data) သို့မဟုတ် ကုန်ကြမ်းများ မျှသာမဖြစ်စေရပါ။ ယင်းအစား AI သည် တစ်ကမ္ဘာလုံးဆိုင်ရာ ကောင်းကျိုးအတွက် ကိရိယာတစ်ခုဖြစ်ရမည်ဖြစ်ပြီး ကမ္ဘာ့တောင်ဘက်ခြမ်း (Global South) နိုင်ငံများအတွက် တိုးတက်မှုတံခါးသစ်များကို ဖွင့်လှစ်ပေးရပါမည်။ ဤမျှော်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ရန် အိန္ဒိယနိုင်ငံသည် လူသားဗဟိုပြု AI စီမံအုပ်ချုပ်မှုအတွက် MANAV မူဘောင်ကို တင်ပြခဲ့ပါသည်။

- M – Moral and Ethical Systems: AI သည် ကိုယ်ကျင့်တရားနှင့် ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက်များပေါ်တွင် အခြေခံရမည်။
- A – Accountable Governance: ပွင့်လင်းမြင်သာသော စည်းမျဉ်းများနှင့် ခိုင်မာသော ကြီးကြပ်ကွပ်ကဲမှုရှိရမည်။
- N – National Sovereignty: အချက်အလက်များအပေါ် နိုင်ငံအလိုက်ပိုင်ဆိုင်ခွင့်ကို လေးစားရမည်။
- A – Accessible and Inclusive: AI သည် လက်ဝါးကြီးအုပ်မှုမဟုတ်ဘဲ လူတိုင်း လက်လှမ်းမီနိုင်ရမည်။
- V – Valid and Legitimate: AI သည် တည်ဆဲဥပဒေများကို လိုက်နာရမည်ဖြစ်ပြီး စစ်ဆေးအတည်ပြုနိုင်ရမည်။

'လူသား' ဟု အဓိပ္ပာယ်ရသည့် MANAV သည် ၂၁ ရာစု လူသားတန်ဖိုးများပေါ်တွင် အခြေခံထားသည့် AI ဆိုင်ရာမူဝါဒများကို ပံ့ပိုးပေးပါသည်။

ယုံကြည်မှုသည် AI အနာဂတ်၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ မျိုးဆက်သစ် AI (Generative AI) စနစ်များက ကမ္ဘာကို အကြောင်းအရာအသစ်များဖြင့် လွှမ်းမိုးလာသည်နှင့်အမျှ ဒီမိုကရေစီလူ့အဖွဲ့အစည်းများသည် Deepfakes နှင့် သတင်းမှားများ၏ ဘေးအန္တရာယ်ကို ရင်ဆိုင်နေရပါသည်။ အစားအစာများတွင် အာဟာရဓာတ်အညွှန်းများ ပါရှိသကဲ့သို့ ဒစ်ဂျစ်တယ်အကြောင်းအရာများတွင်လည်း စစ်မှန်မှုဆိုင်ရာ အညွှန်းများပါရှိရပါမည်။ ရေစာ (Watermarking) ထည့်သွင်းခြင်းနှင့် ရင်းမြစ်ကို စစ်ဆေးခြင်းဆိုင်ရာ ဘုံစံနှုန်းများချမှတ်နိုင်ရန် ကမ္ဘာ့မိသားစုဝင်များကို ကျွန်ုပ်တိုက်တွန်းလိုပါသည်။ အိန္ဒိယနိုင်ငံသည် ဉာဏ်ရည်တုဖြင့် ဖန်တီးထားသောအကြောင်းအရာများကို ရှင်းလင်းစွာ အမှတ်အသားပြုရန် ဥပဒေအရပြဋ္ဌာန်းခြင်းဖြင့် ဤလမ်းစဉ်သို့ စတင်ခြေလှမ်းနေပြီဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ကလေးငယ်များ၏ ကောင်းကျိုးချမ်းသာသည် ကျွန်ုပ်တို့ အလေးအနက်ထားရမည့် ကိစ္စဖြစ်ပါသည်။ AI စနစ်များကို တာဝန်ယူမှုရှိသော၊ မိသားစုက လမ်းညွှန်မှုပေးနိုင်သောပုံစံဖြင့် တည်ဆောက်ရမည်ဖြစ်ပြီး ကျွန်ုပ်တို့၏ ပညာရေးစနစ်များကဲ့သို့ပင် ဂရုတစိုက်ရှိရပါမည်။

နည်းပညာသည် ဗျူဟာမြောက်ပိုင်ဆိုင်မှုတစ်ခုအဖြစ် သိမ်းဆည်းထားခြင်းထက် မျှဝေအသုံးပြုမှသာလျှင် အကြီးမားဆုံးသော အကျိုးကျေးဇူးကို ရရှိစေပါသည်။ ပွင့်လင်းသော ပလက်ဖောင်းများ (Open Platforms) သည် သန်းပေါင်းများစွာသော လူငယ်များကို နည်းပညာပိုမိုလုံခြုံစေရန်နှင့် လူသားဗဟိုပြုဖြစ်စေရန် ကူညီပေးနိုင်ပါသည်။ ဤစုပေါင်းဉာဏ်ရည်သည် လူသားမျိုးနွယ်၏ အကြီးမားဆုံးသော အင်အားဖြစ်ပါသည်။ AI သည် ကမ္ဘာလုံးဆိုင်ရာ ဘုံအကျိုးစီးပွားအဖြစ် ဆင့်ကဲတိုးတက်သွားရပါမည်။

ကျွန်ုပ်တို့သည် လူသားများနှင့် ဉာဏ်ရည်တုစနစ်များ အတူတကွဖန်တီးခြင်း၊ အတူတကွအလုပ်လုပ်ခြင်းနှင့် အတူတကွတိုးတက်လာမည့် ခေတ်တစ်ခုသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသစ်များ ပေါ်ထွက်လာပါလိမ့်မည်။ အင်တာနက် စတင်ပေါ်ပေါက်စဉ်က ဖြစ်နိုင်ခြေများကို မည်သူမျှ စိတ်ကူးမယဉ်နိုင်ခဲ့သော်လည်း နောက်ဆုံးတွင် အခွင့်အလမ်းသစ်များစွာကို ဖန်တီးပေးခဲ့သကဲ့သို့ AI သည်လည်း ထိုနည်းတူပင် ဖြစ်ပါလိမ့်မည်။

ကျွန်ုပ်တို့၏ စွမ်းရည်ထက်မြက်သော လူငယ်များသည် AI ခေတ်၏ စစ်မှန်သောမောင်းနှင်အားများ ဖြစ်လာမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ကျွန်ုပ်တို့သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးနှင့် အစုံလင်ဆုံးသော ကျွမ်းကျင်မှုလေ့ကျင့်ရေးအစီအစဉ်များကို လုပ်ဆောင်ခြင်းဖြင့် လူငယ်များ၏စွမ်းရည်ကို မြှင့်တင်ပေးလျက်ရှိပြီး ဘဝတစ်သက်တာလေ့လာနိုင်စေရန် အားပေးလျက်ရှိပါသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့အကြီးမားဆုံးသော လူငယ်အင်အားနှင့် နည်းပညာကျွမ်းကျင်သူများ စုဝေးရာ နေရာများထဲမှအပါအဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စွမ်းအင်စွမ်းပကားနှင့် ရှင်းလင်းပြတ်သားသော မူဝါဒများဖြင့် AI ၏ အလားအလာများကို အပြည့်အဝအသုံးချရန် အကောင်းဆုံးအနေအထားတွင် ရှိနေပါသည်။ ဤထိပ်သီးအစည်းအဝေးတွင် အိန္ဒိယကုမ္ပဏီများက ကိုယ်ပိုင် AI မော်ဒယ်များနှင့် အသုံးချဆော့ဖ်ဝဲလ်များကို ထုတ်ဖော်ပြသနိုင်ခဲ့ခြင်းသည် ကျွန်ုပ်တို့ လူငယ်တီထွင်သူများ၏ နည်းပညာနက်ရှိုင်းမှုကို ထင်ဟပ်စေပါသည်။

ကျွန်ုပ်တို့၏ AI ဂေဟစနစ် ဖွံ့ဖြိုးတိုးတက်စေရန် ခိုင်မာသော အခြေခံအဆောက်အအုံများကို တည်ဆောက်လျက်ရှိပါသည်။ India AI Mission အောက်တွင် ကျွန်ုပ်တို့သည် GPU ထောင်ပေါင်းများစွာကို အသုံးပြုထားပြီး မကြာမီ ထပ်မံတိုးချဲ့သွားမည်ဖြစ်ပါသည်။ ကမ္ဘာ့အဆင့်မီ ကွန်ပျူတာတွက်ချက်မှုစွမ်းပကားကို သင့်တင့်သောနှုန်းထားဖြင့် ရရှိနိုင်ခြင်းကြောင့် အသေးစားလုပ်ငန်းသစ်များပင် ကမ္ဘာ့အဆင့်မီဖြစ်လာနိုင်ပါသည်။ ထို့ပြင် အမျိုးသားအဆင့် AI သိုလှောင်ရုံ (National AI Repository) ကို တည်ထောင်ခြင်းဖြင့် အချက်အလက်များနှင့် AI မော်ဒယ်များကို လူတိုင်းအသုံးပြုနိုင်အောင် ဆောင်ရွက်ထားပါသည်။ ဆီမီးကွန်ဒတ်တာများမှသည် အချက်အလက် အခြေခံအဆောက်အအုံများ၊ တက်ကြွသော လုပ်ငန်းသစ်များနှင့် လက်တွေ့သုတေသနများအထိ တန်ဖိုးကွင်းဆက်တစ်ခုလုံးကို ကျွန်ုပ်တို့ အာရုံစိုက်ဆောင်ရွက်နေပါသည်။

အိန္ဒိယ၏ မတူကွဲပြားမှု၊ ဒီမိုကရေစီနှင့် လူဦးရေဆိုင်ရာတက်ကြွမှုများသည် အများပြည်သူအကျုံးဝင်သော ဆန်းသစ်တီထွင်မှုအတွက် မှန်ကန်သော ပတ်ဝန်းကျင်ကို ပေးစွမ်းပါသည်။ အိန္ဒိယတွင် အောင်မြင်သော ဖြေရှင်းနည်းများသည် ကမ္ဘာတစ်ဝန်းရှိ လူသားအားလုံးအတွက် အသုံးဝင်နိုင်ပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသို့ ကျွန်ုပ်တို့၏ ဖိတ်ခေါ်ချက်မှာ– အိန္ဒိယတွင် ပုံစံထုတ် တီထွင်ကြပါ၊ ကမ္ဘာကြီးအတွက် ပံ့ပိုးပေးကြပါ၊ လူသားမျိုးနွယ်အတွက် ဆောင်ရွက်ပေးကြပါဟူ၍ဖြစ်ပါသည်။

**နာရင်ဒြာ မိုဒီ**
**အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်**

# ရုပ်ရှင်ထဲမှ ရေပန်းစားခဲ့သော သီချင်းများ

မောင်သံလွင်(လားရှိုး)

အနာဂတ်သည် ငွေနှင်းမြူမှုန်တွေလား၊ မိုးလား၊ တောင်ခိုးပေလား။ သဲသဲကွဲကွဲမမြင်ရပေ။ ဝေဝေဝါးဝါးခန့်မှန်း၍ ရလောက်အောင် အရိပ်အယောင်မြင်လိုက်ရသော အနီး၊ အဝေးပုံရိပ်အချို့ကို အကဲဖမ်းနိုင်သည်ထင်ရပါသော်လည်း မထင်မှတ်သောထွက်ပေါ်လာခြင်းမျိုးလည်း ရှိတတ်ပြန်လေသည်။

မျှော်လင့်သော အနာဂတ်၊
ဖြစ်ချင်သည့် အနာဂတ်၊
ထင်မှတ်မိသော အနာဂတ်၊

တကယ်တမ်းမှာတော့ လွဲချော်တတ်သည်လည်း ရှိပေသေးသည်။ အနာဂတ်မှာဘာတွေ ပေါ်ထွက်လာမည်၊ ဘာတွေပျောက်ကွယ်ပျက်သုဉ်းသွားလိမ့်မည်ဆိုသော ဟောကိန်းတို့သည် မှန်ချင်မှန်မည်၊ မှားချင်မှားမည်။ မိမိတို့အထင်နှင့် အမြင်သည် မှန်သည့်အခါရှိသကဲ့သို့ လွဲချော်သောအဖြစ်တွေလည်း ကြုံတတ်ပါ၏။

အတိတ်သည်ကား ဖြတ်သန်းကုန်လွန်သွားခဲ့ပြီ။ အမှန်တကယ်မရှိတော့သော အိပ်မက်ပမာပင်နိုးလာပြီးသူအတွက် လက်ဆုပ်လက်ကိုင်မပြနိုင်။ သို့သော် ထိုအတိတ်သည် သူတကာမြင်သည်သိသည်ဖြစ်စေ၊ မည်သူမျှ သတိမပြုခဲ့ကြသည်ပင်ဖြစ်စေ၊ အတိတ်က အကောင်းအဆိုးအမျိုးမျိုးတို့သည် တကယ်ရှိခဲ့ဖူးသည်၊ ဖြစ်ခဲ့ကြဖူးသည်။ ကိုယ်တွေ့ မြင်ခဲ့၊ ကြားခဲ့၊ ခံစားခဲ့ကြရသည်ကား အမှန်ပကတိ တရားပါပေ။

အတိတ်အတွေ့ကြုံများကို သင်ခန်းစာယူရန် အနေနှင့်ဖြစ်စေ၊ အမှတ်တရအနေနှင့်ဖြစ်စေ၊ လွမ်းဆွတ်သတိတရအလွမ်းပြေသော သဘောပင်ဖြစ်စေ၊ တစ်ခါတစ်ရံမှာတော့ ပြန်လည်သတိရနေတတ်ကြသည်မဟုတ်လား။

အထူးသဖြင့် ရာစုခေတ်၊ ဆယ်စုနှစ်အချိန်ကာလတစ်ရပ်အတွင်း အခြေနေတူ၊ ပတ်ဝန်းကျင်တူ၊ ခေတ်ရေစီးကြောင်းတူစွာ ခရီးနှင်ဖြတ်သန်းခဲ့ကြသူချင်းအတွက်မူ ခံစားမှုခြင်း၊ သဘောထားချင်း၊ တန်ဖိုးဖြတ်အကဲခတ်မှုချင်း တူညီနေတတ်ကြပါသည်။ မိမိတို့အားလုံး မိမိတို့ရုပ်ရှင်ဇာတ်ကားအများစုကို ကြည့်ခဲ့ကြသူချင်း မြန်မာရုပ်ရှင်မင်းသားတွေထဲက ရွှေဘကို ကြည့်ဖူးကြမည်။ ကျော်ဆွေကို ကြည့်ခဲ့ရဖူးမည်။ နိုင်ငံခြားကားများထဲက ရှောင်ကွန်နရီ (ပထမပိုင်းဂျိမ်းစ်ဘွန်းမင်းသား)၊ ကြည့်ဖူးလောက်သည်။ အိန္ဒိယဇာတ်ကားများထဲမှ ရာမင်ဒရာနှင့် အမီတာဘဂျမ်းတို့ကို ကြည့်ခဲ့ဖူးကြပေလိမ့်မည်။

စာဖတ်သူများနှင့်စာရေးသူက အတိတ်၏အချိန်ကာလနောက်ခံကားပေါ်တွင် ရုပ်ရှင်နှင့်ဂီတလောက မိမိတို့မြင်ခဲ့ရကြားခဲ့ရသော ရုပ်ရှင်ဇာတ်ကားတချို့နှင့် တေးသီချင်းများအကြောင်း သတိတရမှတ်မိသမျှ ဖော်ပြဆွေးနွေးလိုခြင်းသာဖြစ်ပါသည်။ စားရေးသူနှင့် သဘောထားအယူအဆကိုက်ညီတိုက်ဆိုင်သည်လည်းရှိပါလိမ့်မည်။ အမြင်ချင်း၊ တန်ဖိုးထားမှုချင်း မတူညီဘဲကွဲပြားခြားနားကြသည်လည်း ရှိကောင်းရှိနိုင်ပါလိမ့်မည်။ ရှိစေ။

အတွေးအမြင်အယူအဆ တူခြင်း၊ ကွဲခြင်းများက အဓိကမဟုတ်ပါပေ။ ကျွန်ုပ်တို့ပြန်သွားချင်၊ ရောက်ချင်သော်လည်း ပြန်လည်းမရောက်ရှိနိုင်တော့သော အတိတ်ကာလတစ်ချိန်တစ်ခါဆီက မိမိတို့ ခံစားခဲ့ကြရသည့် ရုပ်ရှင်အနုပညာနှင့်ဂီတနယ်ပယ်က တိုက်တိုက်ဆိုင်ဆိုင်အာရုံရောက်သော ဇာတ်ကားအချို့၊ တေးသီချင်းအချို့အကြောင်းကိုသာ ရွေး၍ မကျယ်မကျဉ်းတင်ပြရေးသားလိုရင်းဖြစ်ပါသည်။

၁၉၆၀ - ၇၀ - ၈၀ - ကာလများသည် နှစ်ပေါင်း ၄၀၊ ၅၀ ကျော်ခဲ့သော်လည်း ရုပ်ရှင်ကြမ်းပိုးနှင့်ဂီတရှူး ဖြစ်ခဲ့ဖူးသော အနုပညာမြတ်နိုးသူစာရေးသူအတွက်ကား မနေ့တစ်နေ့က ကြည့်ခဲ့ရသော ဇာတ်ကားများပမာ ပူပူနွေးနွေးခံစားမှုမပြယ်သေးဘဲ နွေးထွေးနေဆဲပါပေ။

အကျဉ်းမျှသာဖော်ပြပါရစေ၊ ထိုအတိတ်ကာလများတွင် ရုပ်ရှင်ဇာတ်ကားဇာတ်ဝင်ခန်း ဇာတ်ပို့သီချင်းသီဆိုခဲ့ကြသူများ ရှိကြပါသည်။ နာမည်ကျော်ရေဒီယိုအဆိုတော်၊ ခါတ်ပြားအဆိုတော်များသာဖြစ်ကြပါသည်။ ဘဝသရုပ်ဖော်သီချင်း၊ ခမ္မာသီချင်း၊ ပတ်ဝန်းကျင်အဖွဲ့သီချင်း၊ စုံတွဲအကြည်ဆိုက်သီချင်း၊ ဝါဒဖြန့်သီချင်းများထက် အချိန်ကာလရှည်ကြာစွာ စွဲမြဲမှတ်မိနေသည့်သီချင်းများကား အလွမ်းသီချင်းများက ထိပ်ဆုံးမှာရှိနေကြောင်း

**❖ အတိတ်အတွေ့ကြုံများကို သင်ခန်းစာယူရန် အနေနှင့် ဖြစ်စေ၊ အမှတ်တရအနေနှင့်ဖြစ်စေ၊ လွမ်းဆွတ်သတိတရ အလွမ်းပြေသော သဘောပင်ဖြစ်စေ၊ တစ်ခါတစ်ရံမှာတော့ ပြန်လည်သတိရနေတတ်ကြသည်မဟုတ်လား။ အထူးသဖြင့် ရာစုခေတ်၊ ဆယ်စုနှစ် အချိန်ကာလတစ်ရပ်အတွင်း အခြေနေတူ၊ ပတ်ဝန်းကျင်တူ၊ ခေတ်ရေစီးကြောင်းတူစွာ ခရီးနှင်ဖြတ်သန်းခဲ့ကြသူချင်းအတွက်မူ ခံစားမှုခြင်း၊ သဘောထားချင်း၊ တန်ဖိုးဖြတ်အကဲခတ်မှုချင်း တူညီနေတတ်ကြပါသည်။ မိမိတို့အားလုံး မိမိတို့ရုပ်ရှင်ဇာတ်ကားအများစုကို ကြည့်ခဲ့ကြသူချင်း မြန်မာရုပ်ရှင်မင်းသားတွေထဲက ရွှေဘကို ကြည့်ဖူးကြမည်။ ကျော်ဆွေကို ကြည့်ခဲ့ရဖူးမည်။ ❖**

သတိပြုမိပါသည်။ မိမိ၏ အာရုံစူးစိုက်မှု ကျက်စားရာခါတ်ခံကြောင့် ဖြစ်ချင်ဖြစ်မည်။ အဆွေးသီချင်းကိုပို၍ မွေ့လျော်တတ်ခဲ့လေသလောတော့ မပြောတတ်ပါ။

အလွမ်းနောက်ခံသီချင်းအများစုကို သီဆိုခဲ့ကြသူတေးသံရှင်များစွာအနက် ဘယ်သူကဘယ်ဝါထက် ပို၍ကောင်းသည်ဟု မဆိုလိုသော်လည်း စာရေးသူမှတ်မိခဲ့သမျှ ပြန်လည်တင်ပြရပါလျှင် အမျိုးသားအဆိုတော်ထဲတွင် **စန္ဒရားချစ်ဆွေ**၊ အမျိုးသမီးအဆိုတော်ထဲတွင် **မာမာအေး**။

လွမ်းခန်းပါသော ဇာတ်ကားအများစုကလည်း မည်သူရေးသောတေးပဲဖြစ်စေ၊ မည်သည့်ဂီတတီးဝိုင်းနှင့်တီးကြသည်ဖြစ်စေ၊ ရုပ်ရှင်ဇာတ်ကားများစွာတို့တွင် စန္ဒရားချစ်ဆွေ၊ မာမာအေးတို့၏ အလွမ်းသီချင်းများက မလွတ်တမ်းပါဝင်လေ့ရှိပါသည်။ ၁၉၆၀ - ၁၉၈၀ ကာလတစ်လျှောက်လုံးပင် မာမာအေးနှင့် စန္ဒရားချစ်ဆွေတို့သည် ရုပ်ရှင်နောက်ခံတေးပေါင်း အရေအတွက်များစွာသီဆိုခဲ့ကြသည်ကား သတိပြုမိလောက်အောင် သိသာထင်ရှားပါသည်။

မာမာအေးကတော့ ခါတ်ပြားသီချင်း၊ ကက်ဆက်ခွေသီချင်းများစွာလည်း ရောင်းတန်းတေးသီချင်းများလည်း သူ့တစ်ခေတ်ဟုဆိုရလောက်အောင် ပရိသတ်အားပေးမှုပေါက်ခဲ့သူဖြစ်သဖြင့် အလွမ်းအဆွေးသီချင်းကို မျက်ရည်ဖြင့်သီဆိုသူဟုပင် ဆိုရလောက်ပါ၏။ ခံစားချက်ပါသော သူသီဆိုခဲ့သည့်သီချင်းကို အခြားအဆိုတော်များသီဆိုကြသော ပြန်ဆိုတေးများဆိုလျှင် စာဖတ်သူများလည်း သိပြီးဖြစ်သည့်အတိုင်း အနုပညာရသဂီတ မမီနိုင်ကြပါ။ အဆိုတော်တင်တင်မြကပင် မာမာအေးအကြောင်း ပြောပြရင်း "သူကတော့အနုပညာကဝေပါပဲ"ဟု ဆိုခဲ့၏။

**တင်တင်မြ**က အလွမ်းသီချင်းဖြင့် သက်သေမပြပါ။ ရုပ်ရှင်ဒါရိုက်တာဆရာသာခု ရိုက်ကူးသည့် ဇာတ်ကားအဖွင့်သီချင်း (ဗိုလ်ကာတွန်းဟုထင်ပါသည်)၊ မာမာအေးဆိုခဲ့သော"**ကလေးလည်းမနေနိုင်၊ အဖိုးကြီးလည်းမနေနိုင်၊ ဖိုးပါကြီးတဲ့ ဟားဟား ဟားဟား**"ဟု နားထောင်ရသူကို တကယ်ပင် ရယ်ရွှင်ပြုံးပျော်သွားအောင် သူမို့သာဆိုတတ်ခဲ့ပုံကို နမူနာဆိုပြပါသေးသည်။ တင်တင်မြ သီချင်းဆိုပြပုံကြည့်၍ ရယ်မိသည်မှာ မိမိတစ်သက်တာ ဤတစ်ကြိမ်သာ မှတ်မှတ်ရရရှိခဲ့၏။ ထိပ်သီးအဆိုတော်အချင်းချင်း မုဒိတာအပြည့်အဝဖြင့် တိတိကျကျ၊ ထိထိရောက်ရောက် ဂုဏ်ပြုချီးကျူးပုံကို ကြည့်၍လည်း စိတ်ထဲဝယ် ကြည်နူးဝမ်းသာမိပါ၏။

စန္ဒရားချစ်ဆွေ သီဆိုသော သီချင်းတွေက ခံစားချက်ပါတတ်ပြီး အလွမ်းအဆွေးတွေသာ အများစု အောင်မြင်ထင်ရှားတတ်သည် မှန်ပါ၏။ သို့ရာတွင် ရုပ်ရှင်နောက်ခံအချစ်သရုပ်ဖော်စုံတွဲသီချင်းများသည်လည်း ရုပ်ရှင်ကားအပြင်ဘက်သို့ ရေပန်းစားအောင် ပေါက်ခဲ့သော သီချင်းများလည်း တွေ့ကြရပါသည်။ ဥပမာ ဤသီချင်းများ။

**မုန်းစိတ်မရည်ရွယ်** ခင်ယုမေနှင့်
**မုန်းဆက်ဆက်မရွယ်** အေဝမ်းတင်တင်လှနှင့်
**ပန်းတံတား** ထားနှင့်

စန္ဒရားချစ်ဆွေ ဇာတ်ကားတစ်ကားထဲတွင် နောက်ခံဇာတ်ပို့သီချင်း သီဆိုပေးခဲ့သော"**မွေးလွန်းသည့်ပန်း**"သီချင်းသည် ဇာတ်ကားထက် ဂီတနယ်ပယ်တွင် ပိုမို၍အောင်မြင်ခဲ့သည်ဆိုရပေမည်။ ဆရာမခင်နှင်းယု၏ဝတ္ထုကို ဒါရိုက်တာမောင်သောင်းက မင်းသားကြည်စိုး၊ မင်းသမီးတင်တင်မူတို့ဖြင့် ရိုက်ကူးခဲ့စဉ်က စန္ဒရားချစ်ဆွေသီဆိုရန် **တေးရေးစာဆိုဗိုလ်ကလေးတင့်အောင်**က သီကုံးရေးဖွဲ့ခဲ့ခြင်းဖြစ်လေသည်။

ဝတ္ထုတက္ကသိုလ်ဘုန်းနိုင်၏ အစောပိုင်းဝတ္ထုဖြစ်သော "မုန်းရစ်လေဦး"ဝတ္ထုကို ဒါရိုက်တာသုခုမမောင်မောင်မြင့်က ကောလိပ်ဂျင်နေဝင်း၊ ဝါဝါဝင်းရွှေတို့နှင့်ရိုက်ကူးခဲ့ရာ (မိမိမကြည့်လိုက်ရပါ) ဇာတ်ကားအဖွင့်သီချင်းလား၊ ဇာတ်သိမ်းသီချင်းလာတော့မသိပါ။ စန္ဒရားလှထွတ်ရေးဖွဲ့သီကုံးပြီး ကိုမင်းနောင် သီဆိုခဲ့ပါသည်။ ဤသီချင်းကိုပင် စန္ဒရားချစ်ဆွေ၊ လွှမ်းမိုး၊ စန္ဒရားလှထွတ်၊ မာမာအေး၊ ချိုပြုံး၊ စိုးစန္ဒာထွန်း စသည်စသည်အဆိုတော်ပေါင်းများစွာ သီဆိုခဲ့ကြပါသည်။ ယနေ့ထိလည်း ကာရာအိုကေဆိုင်များတွင်ဖြစ်စေ၊ ကိုယ်ပိုင်အိမ်များတွင်ဖြစ်စေ စိတ်ပါလက်ပါသီဆိုနေဆဲပါပေ။

လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်က နာမည်ကြီးရုပ်ရှင်ဇာတ်ကားတစ်ကားထဲမှ မင်းသား၊ မင်းသမီးကြည်နူးစရာမြင်ကွင်းကို ခြယ်မှုန်းသရုပ်ဖော်သည့် နောက်ခံတေးသီချင်းတစ်ပုဒ်သည် ယနေ့တိုင်အောင် အဆိုတော် ရီရီသန့်၊ မေရွက်ဝါ၊ မေသက်ထားဆွေ စသည့်အောင်မြင်စွာသီဆိုနေကြဆဲ အောင်မြင်နေသော ရုပ်ရှင်ဇာတ်ဝင်တေးမှ တစ်နိုင်ငံလုံးကြိုက်နှစ်သက်စွာ ရေပန်းစားဆဲသီချင်းဖြစ်နေပါသေး၏။

မူရင်းဝတ္ထုက ဆရာမောင်သာရ။

စိတ္တဇဆေးရုံမှာအချိန်ယူလေ့လာပြီး သူက ဝတ္ထုတစ်ပုဒ်ရခဲ့သည်။ ဇာတ်အိမ်ဇာတ်ကွက်ဘာမှရှည်ရှည်လျားလျားမပါလှပါ။ မိဘနှစ်ပါးကတိမ်းပါးသွားသောအခါ အရွယ်ရောက်နေသောထားဆိုသည့် ဥစ္စာပေါ၊ ရုပ်ချော၊ သဘောထားပြည့်ဝသည့်အစ်မကြီးသည် မောင်လေး၊ ညီမလေးတွေအတွက် အစစအရာရာအနစ်နာခံလျက်ချစ်သူရှိခဲ့သော်လည်း အိမ်ထောင်မကျခဲ့ပေ။

မြုံထားခဲ့ရသော အငုံ့စိတ်သည်အတိုချုံ့သော် စိတ်ရောဂါရခဲ့ပါတော့သည်။ စိတ်ကုဆရာဝန် **မြတ်လေး**နှင့်တွေ့တော့ သူစိတ်ကစားမိသည်။ ပါးနပ်သူလည်းဖြစ်လေတော့ ဒေါက်တာကသူ့ကို (ချစ်ပုံရသော်လည်း) ဆေးသမားဆရာဝန်တို့၏ ကျင့်ဝတ်ကိုအလေးထားသူဖြစ်ကြောင်း သိရသောအခါ ထားအဖြစ်သရုပ်ဆောင်ခဲ့သူ မြတ်မွန်ကို သနားမိသဖြင့် မျက်ရည်ကျလျက် ရုပ်ရှင်ရုံထဲက (ငိုထားသည့်မျက်လုံးများနှင့်) ပရိသတ်စိတ်ထိခိုက်အောင် ဒါရိုက်တာမောင်ဝဏ္ဏက လက်စွမ်းပြခဲ့သည့်ဇာတ်ကား။ ဤဇာတ်ကားထဲတွင် အမရပူရ၊ မန္တလေး၊ စစ်ကိုင်း၊ အင်းဝတံတား၊ ဧရာဝတီမြစ်ကမ်းရှိ စေတီဘုရား ပုထိုးတော်ထုံးဖြူဖြူများ။

စန္ဒရားလှထွတ် ရေးဖွဲ့ခြယ်မှုန်းခဲ့သည့် "ဧယျာကမ်းအလှပန်းချီ"သည် မြန်မာဆိုင်းသံ၊ နှဲသံများဖြင့် ရီရီသန့်၏ ကြည်လင်ချိုလွင်သော ပင်ကိုသံနှင့် လိုက်ဖက်ကောင်းမွန်လှသဖြင့် အောင်မြင်ထင်ရှားနေသည်မှာ နှစ်ပေါင်းငါးဆယ်အချိန်ကိုဖြတ်သန်းကာ ရေပန်းစားနေဆဲပါတကား။

တစ်ခါက ရုပ်ရှင်ဇာတ်ကားအတွက် သီချင်းရေးပေးရန် အလုပ်တစ်ခုလာအပ်သဖြင့် ရေးပေးရသည်။ စကားလုံးစာသားအကြမ်းရေးသည်။ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်နှင့် ဒါရိုက်တာပြောပြသည့်လိုလားချက်အတိုင်း ရေးဖွဲ့ပြီးသီချင်းစာသားကိုပြသည်။ ဆိုပြသည်။ တီးဝိုင်းနှင့်အကြမ်းတီးပြသည်။ သူတို့ဇာတ်ကားတစ်ခုလုံးရိုက်ကူးပြီးစီး၍ ရုံတင်ပါမှ မိမိရေးပေးသောသီချင်းကိုမသုံးဘဲ ပစ်ပယ်ခံလိုက်ရကြောင်းသိရသည်။ ဤအဖြစ်မျိုးလည်းရှိခဲ့ဖူး၏။ သို့ရာတွင် ရုပ်ရှင်ဇာတ်ဝင်ခန်းအတွက်သုံးရန်တာဝန်ပေး၍ ရေးစေ၊ ဖွဲ့စေ၊ တီးစေပြီးမှ ရုပ်ရှင်ကုမ္ပဏီက ငြင်းပယ်ခံခဲ့ရသော ရှုခင်းရှုကွက်သာယာလှပပုံအဖွဲ့ဖြစ်သော **"စကားဝါမြေ"** သီချင်းသည် အဆိုတော်ရီရီသန့် စတင်ထွက်ပေါ်လာစမှ ယနေ့ထိ တီးဝိုင်းများစွာ၊ အဆိုတော်များစွာ၊ ဆိုင်းအဖွဲ့များစွာ တီးခတ်သီဆို၊ ပရိသတ်နှစ်သက်နေဆဲ။ အံ့အားသင့်စရာပါ။ ရေးသားသီကုံးခဲ့သူကား **ဗိုလ်ကလေးတင့်အောင်**ပါတည်း။ အနုပညာလောကဝယ် ဤကဲ့သို့သော စိတ်ရှည်သည်းခံရခြင်းများလည်း ရှိတတ်ပါတကား။

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ကန့်ဘလူ ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၂၁၂ ကေထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၆ တင်းကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲတီစိမ်း ၂၂၂၁၂ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်။ အထွက်နှုန်းကောင်းမွန်ဖို့ အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

# တောင်တွင်းကြီးမြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ရွာသစ်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ်လုပ်ငန်းဆောင်ရွက်မှုရှိ၊ မရှိနှင့် ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်စွာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရွာသစ်ကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၁၁၀ ကို ငွေကျပ် ၅၅၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် သိန်း ၄၀၊ စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၅၉၄ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **နွဲ့ယဉ်**

# ကျောက်ပန်းတောင်းမြို့နယ် သံဘိုကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံဘိုကျေးရွာအုပ်စု သံဘိုကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် တာဝန်ရှိသူများက သံဘိုကျေးရွာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် အစုအဖွဲ့ (၄) ဖွဲ့မှ DYL အသားတိုးဝက်အကောင်ရေ ၄၀ မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက RBF အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

သံဘိုကျေးရွာတွင် အဆိုပါ အစုအဖွဲ့စနစ်ဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀၊ အသင်းဝင်များ၏ မတည်ရန်ပုံငွေကျပ် ၁၆ ဒသမ ၀၆ သန်းဖြင့် အဆိုပါကျေးရွာရှိ အသားတိုးဝက် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချိုသန်းညွန့်**



# သာပေါင်းမြို့နယ်တွင် နှံ့ကားဆန်များ အရောင်းအဝယ်ကောင်းမွန်နေ

**သာပေါင်း ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် နှံ့ကားဆန်များ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း သာပေါင်းမြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ် ဆန်၊စပါး ရောင်းဝယ်ရေး ဈေးကွက်တွင် ယခုနှစ် ဖေဖော်ဝါရီလဒုတိယပတ်ကစတင်ပြီး နှံ့ကားဆန်များ ဝယ်ယူအားကောင်းနေပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ နှံ့ကားဆန်များ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသဈေးကွက်မှ အဝယ်လိုက်လာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"အခုဒေသဈေးကွက်မှာ အခြားဆန်တွေထက် နှံ့ကားဆန်က ဝယ်လိုအား ကောင်းနေပါတယ်။ အခုလရဲ့ ဒုတိယပတ်လောက်ကနေ အဝယ်လိုက်လာတာဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်ကလဲ နှံ့ကားဆန်တွေအဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းလာတာပါ။ ပြည်တွင်းမှာ အဝယ်လိုက်နေတာကလဲ ပြည်တွင်း ဆန်ကြိတ်လုပ်ငန်းနဲ့ ဆက်စပ်တဲ့လုပ်ငန်းတွေ ပြန်လည်လည်ပတ်လာလို့ပါ။ အရောင်းအဝယ်ကောင်းမွန်လာတော့ ဆန်၊ စပါးစိုက်ပျိုး၊ ရောင်းဝယ်ရေးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အကုန် အဆင်ပြေလာပါတယ်"ဟု သာပေါင်းမြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။



သာပေါင်းမြို့နယ် ဆန်၊စပါး ရောင်းဝယ်ရေး ဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် နှံ့ကားဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၈၂၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ နှံ့ကားဆန်များဝယ်လိုအား ကောင်းလာခြင်းကြောင့် စပါးစိုက်တောင်သူများ၊ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဒေးဒရဲမြို့နယ် တော်ကမယ်ကုန်းတန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဒေးဒရဲ ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တော်ကမယ်ကျေးရွာအုပ်စု တော်ကမယ်ကုန်းတန်းကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးပေးခြင်းကို ဖေဖော်ဝါရီ ၂၂ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့် ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၈ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် တော်ကမယ်ကုန်းတန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၅ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၂၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သန်းသန်းစိုး**

ဝတ္ထုတိုကဏ္ဍ

# ပန်းတစ်ပွင့်ရဲ့အလင်းရောင်

ဖြူအေးသန့် (မော်လမြိုင်)



(၁)

"ကလင်...ကလင်...ကလင်"

ပန်းဟေမာန်၏အိမ်ရှေ့တွင် အလင်းသစ် စက်ဘီး ဘဲတီးလိုက်၏။ သူ့ရင်ထဲ အလွန်ပင်ပျော်ရွှင်နေမိသည်။ ယနေ့ တက္ကသိုလ်ပထမနှစ် ပထမဦးဆုံးရက် ကျောင်းစတက်ရမည့်အရေး စိတ်လှုပ်ရှားမိသည်။ လှုပ်ရှားသည်ထက် ရင်ခုန်နေသည်ဟု ပြောလျှင် ပိုမှန်ပေလိမ့်မည်။

"တီ...တီ...တီ"

ဆိုင်ကယ်ဟွန်းတီးသံကြောင့် သူ့အတွေးအာရုံတို့ ပျက်ပြယ်သွား၏။ အနောက်လမ်းမှ အိမ်ပြောင်းလာသောလူသစ်သည် ပန်းအနားကပ်နေသည်ကို သူဘဝင်မတွေ့လှ။ သူတို့ထက် နှစ်နှစ်ခန့် အသက်ကြီးသော်လည်း သူမရိုသေချင်။ ပန်းအနားတွင် မည်သည့်ယောက်ျားမျှ ရှိမနေစေချင်။ သို့သော် သူ့တွင် ပြောခွင့်မရှိပေ။ ငယ်သူငယ်ချင်းလေး ပန်းဟေမာန်ကို သူမပိုင်သောကြောင့် အဝေးကသာ အရိပ်တကြည့်ကြည့်ဖြင့် စောင့်ရှောက်ပေးနေမိသည်။

"ဟယ် အလင်းလဲရောက်နေတာလား။ ကျောင်းအရင်သွားပြီး ပန်းအတွက်ပါ နေရာယူထားပေးနော်။ ဒီနေ့က ကိုဖွဲ့ထက်ရဲ့ မွေးနေ့မို့ မုန့်သွားစားလိုက်အုံးမယ်။ ပြီးမှ ကျောင်းလိုက်ခဲ့မယ်နော်"

ပန်းသည် ထိုသို့ပြောကာ ဖွဲ့ထက်၏ဆိုင်ကယ်နှင့် အတူပါသွား၏။ သူ မျက်စိတစ်ဆုံး လိုက်ကြည့်မိသည်။ သူ့ရင်ထဲ ပန်းကလေးတစ်ပွင့်ကဲ့သို့ မြတ်နိုးတန်ဖိုးထားနေမိသည်ကို ပန်းမှ မသိမမြင်ဘဲ။ အံ့ပုန်းအချစ်ကြောင့် သူ့ရင်ထဲနာကျင်ရသည်။ ပန်းနှင့် ပတ်သက်သောကိစ္စမှန်သမျှ သူအသေအချာမှတ်ထားသည်။ တက္ကသိုလ်နှင့် အိမ်သည် မဝေးသောကြောင့် တက္ကသိုလ်တက်လျှင် သူနှင့်အတူ စက်ဘီးဖြင့်သာ အတူသွားကြမည်ဟု ပန်းပြောထားဖူးသည်။ ယခုမူ ထိုစကားကို ပန်းကမမှတ်မိပေ။ မကြာသေးမီကမှ ရပ်ကွက်ထဲပြောင်းရွှေ့လာသော မျက်နှာစိမ်းနှင့် လိုက်ပါသွား၏။ သူတားချင်သော်လည်း တားခွင့်မရှိပေ။ သူနှင့် ပန်းသည် ငယ်သူငယ်ချင်းခေါင်းစဉ် အောက်၌သာ တည်ရှိနေသည်။ စက်ဘီးပေါ်မှဆင်းကာ ကျောပိုးအိတ်ထဲထည့်ခဲ့သော အဖြူရောင် စာအိတ်နှင့် နှင်းဆီဖြူတစ်ပွင့်ကို ပန်းတို့ခြံတံခါးကြား ညှပ်ထားလိုက်၏။ ယနေ့ဖွင့်ပြောရန် ကြံရွယ်ထားသမျှ သူနောက်ကျသွားခဲ့သည်။

(၂)

"အလင်း ညနေပိုင်းအတန်း ပန်းမတက်တော့ဘူး။ အဲဒါ စာတွေသေချာမှတ်ခဲ့နော်။ မနက်ဖြန် ပိတ်ရက်ဆိုတော့ အလင်းအိမ်မှာပဲ စာလာကူးမှာမို့ ပြန်ရှင်းပြနော်"

နေ့လယ်ထမင်းစားချိန်တွင် ပန်းက သူ့နားလာကာ ထိုသို့ပြောလာချိန် သူ့မျက်နှာညှိုးကျသွား၏။

"ဘယ်သွားအုံးမလို့လဲ ပန်းရယ်"

"ကိုဖွဲ့ထက်နဲ့ ချိန်းထားလို့"

အတန်းအပြင်သို့ ပြေးထွက်သွားသော ပန်း၏ ကျောပြင်ကို ငေးကြည့်လျက် သူရင်မောရသည်။ ရှေ့တစ်ပတ်က ပန်းနှင့်ဖွဲ့ထက် ချစ်သူဖြစ်သွားကြောင်း ကြားသိရသောအခါ သူ့ရင်ထဲနာကျင်မှုက အဆပေါင်းများစွာ ကြေကွဲခံစားခဲ့ရသည်။ နှစ်ရှည်လပေါင်းများစွာ မြတ်နိုးတန်ဖိုးထားခဲ့ရသော ပန်းကို ဂုဏ်ယူဝင့်ကြွားစွာနှင့် ပွဲလယ်တင့်သော ပန်းတစ်ပွင့် ဖြစ်စေချင်သည်။ သူမပိုင်ဆိုင်ရသော်လည်း ပိုင်ဆိုင်ခွင့်ရတော့မည့် ဖွဲ့ထက်ကို မနာလိုစိတ်မဖြစ်သော်လည်း အားကျမိသည်။ ငယ်သူငယ်ချင်းသံယောဇဉ် ရှိနေသော်လည်း ပန်းကို ဖွင့်မပြောရဲပေ။ ချမ်းသာကြွယ်ဝသော ပင်မြင့်ထက်က ပန်းကလေးတစ်ပွင့်ကို မခူးရက်မခြွေရက်ဖြင့် အရိပ်တကြည့်ကြည့် ထိုင်ကြည့်ရုံဖြင့်သာ ကျေနပ်နေရသည့် သူ့ဘဝ။

ပန်းကို တစ်ရက်ကလေးမျှပင် မတွေ့မမြင်ရပါလျှင် မနေနိုင်မထိုင်နိုင်သော သူ့အဖြစ်ကြောင့် အမှတ်များ၍ အင်္ဂလိပ်စာမေဂျာရသော်လည်း ပန်းနှင့်တစ်ခန်းတည်း အတူနေချင်သောကြောင့် မြန်မာစာမေဂျာကို ပြောင်းယူခဲ့သည်။ ပန်းက မေးလာသည့်ချိန်တွင်လည်း သတ္တိနည်းသူပီပီ မြန်မာစာပေ လေ့လာချင်သောကြောင့်၊ စိတ်ဝင်စားသောကြောင့်ဟုသာ ခေါင်းစဉ်တပ်လျက် မျိုးစုံလိမ်ညာလှည့်ပတ်ဖြေခဲ့မိသည်။ ယခုမူ အလွန်ပင်နောင်တရမိသည်။ ပန်းနှင့်သာ မေဂျာမတူလျှင် အတန်းပျက်၍ရနိုင်သည်။ မေဂျာတူနေသောအခါ ပန်းကပျက် သူကတက် ပိတ်ရက်စာပြန်ကူးခြင်းဖြင့် သံသရာလည်နေရ၏။ သို့သော်လည်း သူတန်ဖိုးထားမြတ်နိုးရသော ပန်းကလေးတစ်ပွင့် မညှိုးနွမ်းရလေအောင် ဖွဲ့ထက်အကြောင်း အတန်းပျက်ကာ စုံစမ်းရပေဦးမည်။

(၃)

"အလင်း ပြောစရာရှိတယ်"

ပိတ်ရက်တွင် စာလာကူးသော ပန်းက စကားစလာသောအခါ သူနားထောင်နေမိသည်။ ပန်းထံမှ မည်သည့်စကားလုံးများ ထွက်ပေါ်လာမည်နည်း။

"ပန်းရဲ့ခြံတံခါးကြား စာအိတ်ဖြူနဲ့ နှင်းဆီဖြူတစ်ပွင့် လာထားသွားတာ ဘယ်သူမှန်းမသိဘူး။ အင်း...ပန်းထင်တာ"

ထိုစကားကြောင့် သူ့မျက်ဝန်းများ ပြူးကျယ်ဝိုင်းစက်သွား၏။ ပန်းများသိသွားလေသလားဟု ထင်မှတ်လျက် သူ့ရင်ခုန်သံတို့ မြန်ဆန်လာသည်။ သိသွားလျှင် ပန်းဘက်မှမည်သို့ တုံ့ပြန်ပါမည်နည်း။ သူစိတ်လှုပ်ရှားနေမိသည်။

"ကိုဖွဲ့ထက်ပဲ ဖြစ်မှာပါ။ ကိုဖွဲ့ထက်ကလေ ပန်းအပေါ် သိပ်ကြင်နာတာပဲ။ စိတ်ဆိုးစိတ်ကောက်ရင်သာ မချော့တတ်ဘူးလို့ပြောနေပေမဲ့ တကယ်တမ်းကျ စာအိတ်လေးထဲမှာ ချစ်စရာကောင်းတဲ့ စကားလုံးလေးတွေနဲ့ ကဗျာစပ်ပြီး အမြဲလာချော့နေတတ်တာ။ ပြီးတော့ အဖြူရောင်ကြိုက်တဲ့ပန်းအတွက် နှင်းဆီဖြူလေးတစ်ပွင့်ကိုပါ အမြဲလက်ဆောင်ပေးတတ်တာ"

သူ့ရင်ထဲ နာကျင်ရပြန်သည်။ ဘေးတွင် အမြဲရှိနေသောသူ့ကို မမြင်ရကောင်းလားဟု အပြစ်တင်စကား မဆိုရက်ပေ။ သူကိုယ်တိုင်ကဖွင့်ပြောရန် သတ္တိမရှိချေ။ သတ္တိမရှိသည်ထက် ကြောက်လန့်မိသည်ဆိုလျှင် ပိုမှန်ပေလိမ့်မည်။ ယခုကဲ့သို့ ဆက်ဆံရေးသည် ပျော်ရွှင်ကြည်နူးဖွယ်ကောင်းလှသည်။ ဖွင့်ပြောလိုက်မှ ပန်းဘက်က သူ့ကို စိမ်းကားသွားမည်ဆိုလျှင် ထိုအဖြစ်မျိုး သူရင်မဆိုင်ချင်ပေ။ ထို့ကြောင့် သူငယ်ချင်းဆက်ဆံရေးဖြင့်သာ သူကျေနပ်နေမိသည်။

(၄)

"စောင့်နေတာ ကြာသွားလား ပန်း"

တစ်နာရီနီးပါး ထိုင်စောင့်နေရသော်လည်း မကြာပါဟု ခေါင်းခါပြလိုက်မိသည်။ စိတ်ကောက်လျှင်လည်း အပိုပေ။ ချစ်သူဖြစ်သည့်နေ့မှစကာ စိတ်ဆိုးစိတ်ကောက်မိချိန်တိုင်း ပန်းကို တစ်ကြိမ်တစ်ခါလေးမျှပင် မချော့ခဲ့ဖူးပေ။ မချော့တတ်သော ချစ်သူကြောင့် ပန်းဘာသာ စိတ်ကောက်ပြေရသည့်ဖြစ်ခြင်း။ သို့သော်လည်း ကဗျာစာလွှာကလေးများဖြင့် ပြန်ချော့တတ်သည်ကို ကျေနပ်နေမိသည်။

"ပန်း အမောပြေ အုန်းစိမ်းရည်ကလေး သောက်လိုက်ပါအုံး"

"ပန်းမှ မကြိုက်တာ။ ပြီးတော့ ပန်းမမောပါဘူး။ ကိုဖွဲ့ထက်ပဲ သောက်လိုက်နော်"

ဖွဲ့ထက်မျက်နှာ ကွက်ခနဲပျက်သွားသော်လည်း အမြန်ပြန်ထိန်းလိုက်၏။ အုန်းစိမ်းရည်သောက်ဖို့ အရေး တိုက်တွန်းရပေဦးမည်။

"သောက်လိုက်ပါ ပန်းရယ်။ သောက်စေချင်လို့ ဝယ်လာပေးတာကို ပန်းမသောက်တော့ ကိုယ်က ဘယ်စိတ်ကောင်းပါ့မလဲ။ သောက်လိုက်နော် ပန်း။ အေးအေးလေးမို့ အကုန်သောက်လိုက်နော်"

စကားအချေအတင် မဖြစ်ချင်သောကြောင့် ဖွဲ့ထက် စိတ်ချမ်းသာစေရန် အုန်းစိမ်းရည် သောက်ရန် ဟန်ပြင်လိုက်၏။ သို့သော် ပိုက်ထဲမှ စုပ်ယူလိုက်သော အုန်းစိမ်းရည်တို့သည် ပန်းပါးစပ်ထဲသို့မရောက်မီ တစ်စုံတစ်ဦး၏လွှတ်ပစ်ခြင်းကြောင့် မြေပြင်ပေါ်သို့ မှောက်ကျသွားတော့သည်။

"ဟင်... အလင်း"

"ဖောင်း"

"ခွေးကောင် မင်းကများ ရာရာစစ ပန်းကိုထိရဲတယ်ပေါ့"

"မင်းကဘာမလို့ ငါတို့ကြား ဝင်ရှုပ်နေရတာလဲ ဖောင်း"

အလင်းသစ်နှင့် ဖွဲ့ထက် အပြန်အလှန်ထိုးကြိတ်နေကြသည်ကို ပန်းဟေမာန် ရုတ်တရက် ကြောင်အမ်းအမ်းရပ်ကြည့်နေမိသည်။ သတိရသည့်အချိန်မှ တားမိသောအခါ နှစ်ဦးသား ဒဏ်ရာဗရပွဖြင့်။

"တော်တော့ အလင်း။ ဒါဘာလုပ်တာလဲ။ ဘာဖြစ်လို့ ဒီလိုမျိုး ရန်လိုနေရတာလဲ"

"ပန်း ဘာမှမဖြစ်ဘူးနော်။ တော်သေးတာပေါ့ စိတ်ပူသွားတာ။ ဒီကောင် အုန်းရည်ထဲမှာ ဆေးမှုန့်တွေ ထည့်ထားတယ် ပန်းရဲ့"

"ဖြန်း"

"ဟင်... ပန်း"

"တော်တော့ အလင်း။ နင်ဘာဖြစ်လို့ ဒီလိုမျိုး စွပ်စွဲရတာလဲ။ ငါရွေးချယ်ထားတဲ့ ငါ့ချစ်သူကို ငါ ယုံကြည်တယ်။ နင်အခုလိုမျိုးပြုမူတာ သိပ်စိတ်ပျက်ဖို့ကောင်းတာပဲ။ ငါ ကိုဖွဲ့ထက်ကို ဘယ်လို မျက်နှာပြရမလဲတောင် မသိတော့ဘူး။ ဒီလိုရိုင်းစိုင်းတဲ့ အပြုအမူရှိသူကို သူငယ်ချင်းတော်ခဲ့မိတာ ငါသိပ်ရှက်တာပဲ။ သွားနင်ထွက်သွား ဘယ်တော့မှ ငါ့ရှေ့ပေါ်မလာနဲ့။ လာ ကိုဖွဲ့ထက် ပန်းတို့ အခြားနေရာသွားကြစို့"

"ပန်း"

သူမြတ်နိုးတန်ဖိုးထားရသော ပန်းသည် သူ့ခေါ်သည်ကိုပင် လှည့်မကြည့်တော့ပေ။ သူ့ကို ကျောခိုင်းထွက်ခွာသွားချေသည်။ သူ့ရင်ထဲ နာကျင်မှုက တဆစ်ဆစ်ဖြင့် ရင်ဘတ်အောင့်လာတော့သည်။

(၅)

"ကိုဖွဲ့ထက် ပြောတော့ စံပယ်ခန်းမဆို။ ဘာဖြစ်လို့ တောင်ရိုးတန်းဘက် လာရတာလဲဟင်"

"အချိန်ရသေးတယ်လေ ပန်းရဲ့။ ကိုယ်တို့ အေးအေးဆေးဆေး လေညင်းခံရင်း ခဏလောက် စကားပြောကြတာပေါ့"

မနေ့ညက ကိုဖွဲ့ထက်ဖုန်းဆက်လာသည်။ မနက်ဖြန် သူငယ်ချင်းမင်္ဂလာဆောင်သို့ သွားရမည်ဖြစ်သောကြောင့် မျက်နှာမငယ်စေရန် ရွှေတစ်ဆင်စာ အပြည့်ဝတ်ခဲ့ရန် မှာကြား၏။ သို့သော် ယနေ့တွင် ကိုဖွဲ့ထက် ထူးဆန်းနေသည်။ နှာခေါင်းတရှုံ့ရှုံ့ဖြင့် အမူအရာက တစ်မူထူးနေ၏။ ယခုတလော မျက်ကွင်းများလည်း အနည်းငယ် ညိုမည်းလာသယောင် ထင်မှတ်မိသည်။

တောင်ရိုးတန်းပေါ်မှ ခုံတန်းလျားပေါ်တွင် ပန်းတို့ ထိုင်နေမိသည်။ အချိန်ကား မနက် ၈ နာရီရှိနေသော်လည်း ဆောင်းတွင်းကာလမို့ အေးစက်နေသောကြောင့် တောင်ရိုးတန်းပေါ်တွင် လူရှင်းနေ၏။ တိုက်ခတ်လာသော လေနုအေးများက ပန်းမျက်နှာကို ထိတွေ့လာခိုက် အသည်းထဲ အေးစိမ့်သွားသလိုခံစားလိုက်ရသည်။ ထိုအချိန် တစ်ဖက်ခုံတန်းဘေးတွင် ကျနေသော နှင်းဆီဖြူတစ်ပွင့်ကိုမြင်ရခိုက် သတိရသွားသောကြောင့် မေးလိုက်မိ၏။

"ကိုဖွဲ့ထက်က နှင်းဆီမှာဆို ဘာအရောင် ကြိုက်လဲဟင်"

"ကိုယ်က အနီပဲကြိုက်တယ်။ အဝတ်အစားကအစ အနီပဲ အဝတ်များတယ်"

စာမျက်နှာ ၂၉ သို့ á

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ပန်းတနော် ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးသက်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး စနစ်တကျ သန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ငါးမြစ်ချင်း ပိဿာချိန် ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပန်းတနော်မြို့နယ်ကနေ ငါးမြစ်ချင်းအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်းက ရန်ကုန်ဈေးကွက်က ငါးမြစ်ချင်းတွေ ဝယ်ယူမှုကောင်းခဲ့ပါတယ်။ လက်ရှိမှာလဲ ငါးမြစ်ချင်း ပိဿာချိန် တော်တော်များများ အဝယ်လိုက်နေပါတယ်။ ရေထွက်ကုန်တွေ အများအပြားတင်ပို့ရောင်းချခဲ့ရတာကြောင့် ငါးမွေးမြူသူတွေ၊ ရေလုပ်သားတွေနဲ့ ပွဲရုံပိုင်ရှင်တွေ အဆင်ပြေနေပါတယ်''ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးသက်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးသို့ တင်ပို့ရောင်းချခဲ့သည့် ငါးမြစ်ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောကြက်သွန်နီ ၁၀၁၂ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီ ၁၀၁၂ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၉၁၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၀၁၂ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပိဿာချိန် ၄၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ကြက်သွန်နီ ၁၉၁၄ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ကြက်သွန်နီခင်းတွေ အခုလက်ရှိ နုတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၀၁၂ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်နီဈေးကွက်တွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက်ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ် ကြက်သွန်နီ စိုက်တောင်သူများကို GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်၊ အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

## မျှော်မှန်းရာ လှမ်းကြစို့

\- မျှော်မှန်းရာ လှမ်းကြစို့
နှမ်းလျလို့ မနေနဲ့ကွယ်၊
အားသစ်တွေ ရင်မှာပျိုး
တိုးတက်ဖို့ရွယ်၊
အခက်ခဲ ကျော်ဖြတ်မယ်
ရှေ့သို့ရယ် ခရီးဆက်၊
စိတ်သန္တာန်မှာ တန်ခိုးထွား
နိုးကြားသွက်လက်။

\- ပညာကို အခြေခံလျက်
ဘဝအတွက် ကြိုးစားပါ၊
ရှင်သန်ချိန် ကိုယ့်ဘဝ
တောက်ပစဉ်သာ၊
ဖွဲလုံ့လ စိတ်ဆောင်ကာ
ရည်မှန်းရာ အရောက်သွား၊
အချိန်တွေကို အသုံးချ
နိုးထလှုပ်ရှား။

\- စိတ်ဓာတ်ကို မြှင့်တင်ထား
နှလုံးသား ဖြောင့်မတ်မှန်၊
မျှော်မှန်းရာ ဖွဲ့နှင့်လျှောက်
ထွန်းတောက်ဧကန်၊
အကောင်းအဆိုး ထိုနှစ်တန်
ဝေဖန်ကာ သုံးသပ်မနေး၊
တန်ဖိုးဝင် လူသားအဖြစ်ကို
ထုဆစ်စို့လေး။ ။

**ရဲသွေးနီ(တက်ဝန်)**

á စာမျက်နှာ ၂၈ မှအဆက်

"ဟင်..."

"ဘာဖြစ်လို့လဲ ပန်း"

"ဒါဆို ပန်းကို နှင်းဆီအနီပဲပေးပါလား။ ဘာလို့ နေ့စဉ် နှင်းဆီအဖြူတွေပဲ လာပို့နေရတာတုံး။ ဒါနဲ့ ဒီနေ့ကော ခြံတံခါးကြားမှာ ဘာလို့ လက်ဆောင်ပို့မထားတာလဲဟင်။ ဘာလဲ ဒီနေ့ကစပြီး နှင်းဆီအနီ ပြောင်းပေးတော့မလို့လား"

"ပန်း ဘာတွေပြောနေတာလဲ။ ကိုယ် ဘယ်တုန်းကမှ ပန်းဆီကို နှင်းဆီအဖြူ မပို့ခဲ့ဖူးပါဘူး"

"ဟင်... ဒါဆို ဘယ်သူက"

"ဟော့ ငြိမ်ငြိမ်နေလိုက်နော် အော်မယ်မကြံနဲ့။ လက်ဝတ်ရတနာတွေ အကုန်ချွတ်ပေးစမ်း"

ဘယ်ကပေါ်လာမှန်းမသိသော ယောကျ်ားလေးဦးက ပန်းတို့ကို အနောက်က ဓားထောက်လာ၏။ ပန်းလည်း မအော်ရဲ၊ မလှုပ်ရဲဖြင့် အားကိုးတကြီး ကိုဇွဲထက်ဆီ ကြည့်မိသောအခါ–

"ပန်း သူတို့တောင်းတာမပေးနဲ့"

"ဖောင်း"

"ဟင်...ကိုဇွဲထက်"

ယောကျ်ားလေးဦးက ကိုဇွဲထက်ကို ထိုးကြိတ်ကြသောအခါ ပန်းလည်း မနေသာတော့ပေ။ ဝတ်ဆင်လာသော ရွှေတစ်ဆင်စာကို ချွတ်ပေးရုံမှတစ်ပါး အခြားမရှိတော့ပေ။

"အားလုံး ရပ်လိုက်ကြစမ်း"

ထိုအချိန်မှ ရောက်ချလာသော ပန်း၏မိဘနှင့် သက်ဆိုင်ရာ လူကြီးများ၊ ရဲတပ်ဖွဲ့များကို မြင်ရခိုက် အလွန်ပျော်ရွှင်သွားသည်။ ထိုယောကျ်ားလေးဦးလည်း ယခုမှ ဒူးထောက် လက်မြှောက်နေကြရ၏။ ပန်းလည်း ကိုဇွဲထက်ထံသို့ ပြေးသွားမည့်ဟန် ပြင်လိုက်သော်လည်း ဖခင်ဖြစ်သူက လှမ်းဆွဲတားလိုက်သည်။

"သမီး မသွားနဲ့။ သူလဲ ကြံရာပါပဲ"

"ဟင်..."

"ဒီမှာ သမီးမယုံရင် ဒီဗီဒီယိုကြည့်လိုက်"

ရုပ်သံဗီဒီယိုကိုမြင်ရမှ ပန်း အံ့ဩထိတ်လန့်သွားတော့သည်။ ဇွဲထက်က ပန်းကို မင်္ဂလာဆောင်သွားရန် လိမ်ခေါ်လာမည်ဖြစ်ကြောင်း၊ လူပြတ်နေသော တောင်ရိုးတန်းပေါ်တွင် ရွှေတစ်ဆင်စာ လုယူမည်ဖြစ်ကြောင်း သူ့အပေါင်းအသင်းများကို စီစဉ်ပြောကြားနေ၏။

"ဒီဗီဒီယိုကို ညက အလင်း ဦးလေးအိမ်လာပေးသွားတာ။ သမီးကို ကြိုတင်ပြောပြထားမယ်ဆိုရင် အခုလို ဆေးသမားတွေကို တစ်စုတစ်စည်းတည်း ဖမ်းမမိမှာစိုးလို့"

"သမီး အလင်းဆီ သွားလိုက်အုံးမယ်"

ရုပ်ကွက်လူကြီး ရှင်းပြနေသည်ကိုပင် ဆုံးအောင်နားမထောင်နိုင်တော့ပေ။ ငယ်သူငယ်ချင်း အလင်းအပေါ် အထင်လွဲမှားခဲ့သည်တို့ကို ပြန်လည်တောင်းပန်ချင်စိတ်က ရှေ့တန်းရောက်နေ၏။

"မမီလောက်တော့ဘူးထင်တယ် သမီး။ အခုချိန် အလင်းက ဘူတာရောက်နေလောက်ပြီ။ သမီးအတွက် ဒါလေးတော့ လက်ဆောင်ပေးသွားတယ်"

မိခင်ကမ်းပေးလာသော စာအိတ်ဖြူနှင့် နှင်းဆီဖြူကို မြင်ရခိုက် ပန်းရင်ထဲဆို့နင့်သွားသည်။ ဘာကြောင့်များ ဖွင့်မပြောခဲ့ရပါသနည်းဟု မေးချင်မိသည်။ သို့သော် ယခုချိန်တွင် မည်သည့်အတွက်ကြောင့်နည်း၊ မည်သည့်နေရာသို့ သွားပါမည်နည်းဆိုသော မေးခွန်းများကို ဆက်မမေးချင်တော့ပေ။ အလင်းရှိရာဘူတာရုံသို့သာ ဆိုင်ကယ်လှည့်လိုက်တော့သည်။

(၆)

"ဟင်..."

ဘူတာရုံရှေ့ရောက်သည့်အချိန် ရထားဘီးလိမ့်သံ စတင်ထွက်ပေါ်လာနေသည်ကိုကြားရခိုက် ပန်းလည်း အမြန်ပင် ပြေးဝင်သွားသည်။

"အလင်း ပန်းကို ထားမသွားပါနဲ့နော်။ ပန်း တောင်းပန်ပါတယ်"

စိတ်ထဲက တောင်းပန်စကားများနှင့်အတူ ရထားတွဲအများကြီးကို မျက်စိတစ်ဆုံး အပြေးအလွှားလိုက်ကြည့်နေခိုက် ဖြည်းညင်းစွာ ထွက်ခွာသွားသောရထားတွဲကြီးကြောင့် ပန်း မျက်ရည်များ စီးဆင်းကျလာသည်။

"အဟင့် အလင်း တကယ်ပဲထွက်သွားပြီလား။ ပြန်လာခဲ့ပါ အလင်းရယ်"

ရထားတွဲအများကြီးထဲ မည်သည့်အတွဲတွင် အလင်းလိုက်ပါသွားသနည်း ပန်းမသိချေ။ ပန်းရင်ထဲ အလွန်ပင် နာကျင်ခံစားရလေသည်။

"ပန်း"

နားထဲကြားလိုက်ရသောထိုအသံပိုင်ရှင်ကို ပန်း ကောင်းကောင်းကြီး မှတ်မိသည်။ လှည့်ကြည့်လိုက်ချိန် ခရီးဆောင်အိတ်နှင့်အတူ အလင်းကို တွေ့ရခိုက် ပြေးဖက်လိုက်၏။

"အဟင့် အလင်းရယ် မထားခဲ့ပါနဲ့နော်"

ရင်ခွင်ထဲမှပန်းကိုကြည့်လျက် မျက်ရည်များကို ကြင်နာယုယစွာ သုတ်ပေးကာ ထိုသို့မေးလိုက်၏။

"ပန်းရယ် ဘာဖြစ်လို့ လိုက်လာတာလဲ"

"အလင်းရဲ့ ပန်းတစ်ပွင့် ဖြစ်ချင်လို့ပေါ့"

"ဟင့်အင်း အဲဒီစကားက ကိုယ့်ဘက်ကပြောရမှာပါ။ ပန်းကိုမခွဲနိုင်လို့ ရထားပေါ်က ပြန်ဆင်းခဲ့မိတယ်။ ကိုယ်လေ ပန်းရဲ့အလင်းရောင်လေး ဖြစ်ပါရစေ။ ပန်းတစ်ပွင့်ရဲ့အလင်းရောင်လေး ဖြစ်ခွင့်ပြုပါနော်"

ထိုအချိန်တွင် သူမြတ်နိုးတန်ဖိုးထားရသောပန်းက ရှက်ပြုံးကလေးဖြင့်ခေါင်းညိတ်ကာ သူ့ရင်ခွင်ထဲ တိုးဝင်လာတော့သည်။

## ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို ၁၈-၂-၂၀၂၆ ရက်နေ့ (အစား) ၂၈-၂-၂၀၂၆ ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်


ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



### ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ (၅) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင်များကို မြဲမြံစွာကိုင်ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသောအဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။





## ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကသာ ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဗန်းမောက်မြို့နယ်တွင်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၀၂၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၂၉ တင်းထွက်ရှိကြောင်း သိရသည်။

"ဗန်းမောက်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်းဧက ၂၀၂၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိမှာ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဗန်းမောက်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

## ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဆွေက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ခုနှစ် ဒီဇင်ဘာလက မိကျောင်းကွမ်းဖတ်ပိဿာချိန် ၄၀၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ်ဇန်နဝါရီလတစ်လအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မိကျောင်းကွမ်းဖတ်တွေကို ကျောင်းကုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချနေပါတယ်။ ဇန်နဝါရီလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချတာ ဖြစ်ပါတယ်။ တင်ပို့ရောင်းချတာများလာတော့ တောင်သူတွေလဲအဆင်ပြေနေပါတယ်။ ပြည်ပဈေးကွက်ဝယ်လိုအားရှိလာတာကြောင့် တင်ပို့အားတက်လာတာဖြစ်ပါတယ်။ မိကျောင်းကွမ်းဖတ်ကို ကျောင်းကုန်းမြို့နယ်ဘက်မှာ အရင်ကထက် လုပ်ကိုင်သူတွေ ပိုများလာပါတယ်" ဟု ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဆွေက ပြောပြသည်။

အဆိုပါ ကျောင်းကုန်းမြို့နယ်မှ တင်ပို့ရောင်းချသည့် မိကျောင်းကွမ်းဖတ်တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဆွေက ပြောပြ၍သိရသည်။

ကျော်ကျော်လင်း







**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အရိုးရောဂါအထူးကုဆေးရုံကြီး**
**ဆေးရုံအုပ်ကြီးရုံး မန္တလေးမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

(၂၀၂၅-၂၀၂၆)ခု ဘဏ္ဍာရေးနှစ်အတွက် မန္တလေးမြို့၊ အရိုးရောဂါအထူးကုဆေးရုံကြီး၊ ဓာတ်မှန်ဌာနရှိ GE Healthcare MRI(1.5T Signa Explorer)စက်၏ Gradient Power Supply လဲလှယ်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

လျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် - (၂၃-၂-၂၀၂၆)(တနင်္လာနေ့)
တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန် - (၃-၃-၂၀၂၆)(အင်္ဂါနေ့) ညနေ(၄:၀၀)နာရီ

တင်ဒါကော်မတီ
အရိုးရောဂါအထူးကုဆေးရုံကြီး
မန္တလေးမြို့
ဖုန်း ၀၂၂၈၄၇၆၁၃

**ပျောက်ဆုံးကြောင်း**

မိုးကုတ်မြို့၊ မြို့မရပ်နေ မောင်ထွန်းဇော်ဝင်း (ဘ) ဦးစိုင်းဌေးအောင်ကျော်(၉/မကန(နိုင်)၁၃၈၂၂၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-665008292**

**ပျောက်ဆုံးကြောင်း**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃာဂီရိရပ်ကွက်နေ အုပ်စိုးခန့် (ဘ) ဦးအောင်ကျော်လင်း(၉/အမဇ(နိုင်)၁၁၉၂၄၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-43166778**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင် ပညာရေးအထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မတင်နန်းထွေး (ဘ) ဦးအောင်လင်း၏အမည်မှန်မှာ မနန်းနန်းထွေးဖြစ်ပြီး ပုသိမ်ကြီးမြို့နယ်၊ ပေါက်တောသာယာနေ ဦးအောင်လင်း၏သမီး မဝင့်ဝါ၏မွေးသက္ကရာဇ်အမှန်မှာ ၁၁-၁၀-၁၃၆၅ ဖြစ်ပါကြောင်း။

**မနန်းနန်းထွေး**
မဝင့်ဝါ၊ ၁၁-၁၀-၁၃၆၅

**အိမ်ပြင်ပဒ္ဒ ထွန်းသော မီးများကို နေ့အလင်း ရောင်ရှိ ချိန်တွင် ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာန အသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ ကြံ့ကြံ့ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်ရုံသာမက သဘာဝဘေးကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုများမဆုံးရှုံးစေရေးအတွက်ကို အကျိုးရှိစေမည်ဆိုသည်ကို အသိပေးလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၂၉ ရက်တွင်ပြုလုပ်သော မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ကြေညာချက်အမှတ် ၁/၂၀၂၆
၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၈ ရက်
(၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်)

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၄၊ ပုဒ်မ ၁၂၃၊ ပုဒ်မ ၁၂၄ ပုဒ်မခွဲ(ခ)၊ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၇ နှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက် (၂၀၂၆ ခုနှစ် မတ် ၁၆ ရက်)တနင်္လာနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)
တီခွန်မြတ်
ဥက္ကဋ္ဌ

## တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ
ကြေညာချက်အမှတ် ၁/၂၀၂၆
၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၈ ရက်
(၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်)

**တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မ ၁၅၄ ပုဒ်မခွဲ(ခ)နှင့် ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၄ ပုဒ်မခွဲ(ခ)တို့အရ တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၇ ခုနှစ် တန်ခူးလဆန်း ၁ ရက် (၂၀၂၆ ခုနှစ် မတ် ၁၈ ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

လူသားဗဟိုပြုသော AI အနာဂတ်ကို ပုံဖော်ခြင်း - ၂၀၂၆ ခုနှစ် AI သက်ရောက်မှုဆိုင်ရာ ထိပ်သီးအစည်းအဝေး

ဆောင်းပါး စာမျက်နှာ - ၂၅

ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသား ၁၆၈ ဦးကို မြန်မာနိုင်ငံသို့ ထပ်မံပြန်လည်ခေါ်ဆောင်

စာမျက်နှာ - ၂၄

# ၈၁ နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ၃၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၈၁ နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ၃၂ ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းစစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်း၊

စာမျက်နှာ ၂၁ ကော်လံ ၁ ☆



စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်း ၈၁ နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ၃၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်တွင် အသင်းလိုက် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်တီးဝိုင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

